ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (21-7-2006) (၅၀၂၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီမြစ်ကူး အနော်ရထာတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မကွေးတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် နေပြည်တော်မှထွက်ခွာကြရာ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း မိုင်တိုင်အမှတ်(၄၄/၂)အနီးရှိ ကြက်မောက်တောင်ဆည် ရေကူတမံဖြစ်သော တောင်ရေ ရေလှောင်တမံ၏ ရေပေးမြောင်း ကားလမ်းကူးဥမင်သို့ရောက်ရှိရာ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ယနေ့ မိုးလေဝသ

(၂၁-၇-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

အင် တာ နက် သ တင်း

လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစခန်း ဩစတြေးလျနိုင်ငံတွင် တည်ဆောက်မည်

ဘီလာရတ် ဇူလိုင် ၁၈

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် ဘီလာရတ်မြို့အနီးတစ်နေရာတွင် လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးမည့် စခန်းကြီးတစ်ခု တည်ဆောက်မည့်စီမံကိန်းကို စတင်အကောင်အထည်ဖော်သွားရန်ရှိကြောင်း သတင်းများက ဖော်ပြသည်။

လေစွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် စခန်းကြီးအတွင်း လေရဟတ်ပေါင်း ၁၂၈ ခုကို အက်စီယွန်နာ ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလတွင် ဘီလာရတ်မြို့ ဂူဘရာအရပ်၌ တည်ဆောက်သွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော လုပ်ငန်းများသည် ယင်းတို့၏ အသုံးပြုနေသော စွမ်းအင်၏ ၁၀ရာခိုင်နှုန်းကို ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော စွမ်းအင်အရင်းအမြစ်မှရယူရန် လိုအပ်မည်ဟု ဗစ်တိုးရီးယားပြည်နယ် အာဏာပိုင်များက မကြာသေးမီက ကြေညာခဲ့သည်။ ထိုပြဋ္ဌာန်းချက်သည် ၂၀၁၆ခုနှစ်မှစ၍ အာဏာသက်ရောက်မည်ဖြစ်သည်။

ယင်းကြေညာချက် ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် အက်စီယွန်နာကုမ္ပဏီက လေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းအကောင်အထည်ဖော်သွားမည့်အကြောင်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ဩစတြေးလျသုတေသီများ၏ လေစွမ်းအင်ထုတ်လုပ်ရေး သုတေသနစခန်းတစ်ခုကို တွေ့ရစဉ်။ (အင်တာနက်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁–၇–၂၀၀၆
(သောကြာနေ့)

စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

ယနေ့ကာလတွင် နိုင်ငံတော်၌ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ လယ်ယာကဏ္ဍကို အခြေခံသည့် လက်မှုနိုင်ငံအဆင့်မှသည် စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် လိုအပ်သည့် စက်မှုအခြေခံလုပ်ငန်းများ ကြိုးပမ်းထူထောင်လျက်ရှိသည်။

နိုင်ငံတော်အပိုင်းက သွင်းကုန်အစားထိုး အရည်အသွေးမြင့်စက်ရုံ၊ အလုပ်ရုံအသစ်များကို တိုးချဲ့တည်ဆောက်လျက်ရှိသည့်အပြင် စက်မှုဇုန်များရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၌လည်း အဆင့်မြင့်နည်းပညာများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရေး အားပေးပျိုးထောင်ပေးလျက်ရှိသည်။

စက်မှုဇုန်များကို ထူထောင်ပြီး နည်းပညာလိုအပ်ချက်များကို အဘက်ဘက်က အားပေးကူညီလျက်ရှိရာ အချို့စက်မှုဇုန်များသည် မော်တော်ယာဉ်များ၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်လာနိုင်သည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ တောင်ကြီးမြို့ရှိ အေးသာယာစက်မှုဇုန်တွင် သံမဏိသံရည်ကျိုလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ဓာတ်မြေသြဇာများ၊ ဂျစ်ကားများ၊ မော်တော်ယာဉ်သုံးဖိုင်ဘာထုတ်ကုန်ပစ္စည်းများနှင့် လယ်ယာသုံးလက်တွန်းထွန်စက်များကို ထုတ်လုပ် လျက်ရှိသည်။

နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျသဖြင့် စက်မှုဇုန်များအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေး အထောက်အကူပြု စက်နှင့်စက်ကိရိယာပစ္စည်းများ ဦးစားပေးထုတ်လုပ်သွားကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်တွင် လိုအပ်သည့် စက်ကိရိယာပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် မြန်မာ့လယ်ယာသုံး စက်ကိရိယာ စက်ရုံများကို မန္တလေးတိုင်း အင်းကုန်းနှင့် ရန်ကုန်တိုင်း ရွာသာကြီးတို့တွင် ထူထောင်ထားရာ သံရည်ကျိုသွန်းလောင်းသည့်လုပ်ငန်းများ အဆင့်မြင့်လုပ်ကိုင်၍ ပစ္စည်းများ ထုတ်လုပ်နေပြီဖြစ်သည်။

စက်ရုံအလုပ်ရုံများနှင့် စက်မှုဇုန်များသည် ခေတ်မီစက်ကိရိယာများသုံးစွဲ၍ စက်မှုထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်စိတ်ချရပြီး သက်တမ်းပြည့် အသုံးပြုနိုင်သည့် စက်ပစ္စည်းများ၊ ဈေးကွက်ရှိသောပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဝါယမစိုက်ထုတ် လုပ်ကိုင်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် လိုအပ်ချက်များကို ရင်းနှီးမြှုပ်နှံဖြည့်ဆည်းပေးလျက်ရှိရာ သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များအနေဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်ကုန်ပစ္စည်းများ စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ပထမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၆ခုနှစ် ပထမအကြိမ် မန္တလေး မြို့တော်ဝန်ဖလားအလွတ်တန်း ဖိတ်ခေါ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဇူလိုင်လ နောက်ဆုံးပတ်မှစတင်၍ မန်းတောင်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများအား အဆင့်သတ်မှတ်ထားခြင်းမရှိဘဲ မည်သည့်အဆင့် ဘောလုံးသမားမဆို ပါဝင်ကစားနိုင်ကြောင်းသိရသည်။

ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမဆု ကျပ်သုံးသိန်း၊ ဒုတိယဆုကျပ်နှစ်သိန်း၊ တတိယဆု ပူးတွဲရရှိသည့် အသင်း နှစ်သင်းအား ကျပ်တစ်သိန်းစီနှင့် အကောင်းဆုံး အားကစားသမားဆု နှစ်ဆုအတွက် ကျပ်သုံးသောင်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(၄၆၉)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဟင်္သာတခရိုင်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် စစ်ဆေးမှာကြား

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် အစိုးရနည်းပညာ ကောလိပ် (ဟင်္သာတ) တည်ဆောက်ရေး လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက အစိုးရနည်းပညာကောလိပ်(ဟင်္သာတ) သုံးထပ်ဆောင် အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြည့်ရှုစစ်ဆေးရာ တိုင်းမှူးအား ဆောက်လုပ်ရေးတာဝန်ခံ ဦးစန်းဝင်းက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကျောင်းအုပ်ကြီး ဒေါက်တာဇာနည်လင်းက ကျောင်းအုပ်ချုပ်မှု လုပ်ငန်းများဆိုင်ရာများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဟင်္သာတမြို့တွင်းနှင့် ဟင်္သာတ–ဇလွန်ကားလမ်း လမ်း၊ တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ ဇကာကြီးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး စုဝေးခန်းမတွင် ဒေသခံရပ်မိရပ်ဖများ၊ပြည်သူများအား တွေ့ဆုံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများအား ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေးကို ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဓနုဖြူမြို့သို့ရောက်ရှိ၍ ဓနုဖြူမြို့အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များကို တွေ့ဆုံရာ ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က ဓနုဖြူမြို့နယ်အတွင်း သဘာဝ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများအနေဖြင့် ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဓနုဖြူ–ရန်ကုန် ကားလမ်းတစ်လျှောက် လမ်းဘေး ဝဲ၊ ယာ မိုးစပါး စိုက်ခင်းများ၊ လမ်းနှင့်တံတား အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်မြတ်ထွန်းတံတား ရိပ်သာသို့ ရောက်ရှိကြရာ တိုင်းမှူးအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဗိုလ်မြတ်ထွန်းတံတားအဝင် ရေစီးကြောင်းနှင့် တံတားရေလယ်တိုင်များ ကြံ့ခိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် မိုးရာသီစပေါင်း သစ်ပင်စိုက်ပျိုးပွဲတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး အဖွဲ့၏ မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ရက် နံနက် ၉နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံး အမှတ်(၁၇)၌ ကျင်းပသည်။ စုပေါင်း သစ်ပင်စိုက်ပျိုးပွဲ တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါက်တာ သန်းညွန့်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးလှမြင့်ဦး၊ ဦးဝင်း အောင်၊ ဦးစိုးဦး၊ ဦးညီထွန်းနှင့် ဦးကျော်အောင်၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများတက်ရောက်၍ ပျိုးပင်ပေါင်း ၂၉၅၇ပင်ကို သတ်မှတ် နေရာများ၌ စုပေါင်းစိုက်ပျိုး ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ချောင်လေ
ဝေးဝေး
မူးယစ်ဆေး

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယအကြိမ်ညီလာခံ

အောင်ချိုအေး

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယအကြိမ်ညီလာခံကို ၂၀၀၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်လမ်း အမျိုးသား ပြတိုက်ရှိ ဘက်စုံခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ခေတ်မီစာကြည့်တိုက်ပညာ သင်တန်းတစ်ခုကို ၁၉၄၃ ခုနှစ် (ဂျပန်ခေတ်အတွင်း) ရန်ကုန်ဆရာအတတ်သင်ကျောင်းတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ပြီး ဆရာဇော်ဂျီ တစ်ဦးတည်းက သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်သည်။

ပြည်သူ့စာကြည့်တိုက်များ ပေါ်ထွန်းလာရေးနှင့် ခေတ်မီစာကြည့်တိုက်ပညာ တတ်မြောက်ရေးသည် အလွန်အရေးပါသော လုပ်ငန်းများဖြစ်သည်ကို ခံယူမိသည့်အလျောက် လွတ်လပ်ရေးရပြီး နောက်ပိုင်းတွင် စာကြည့်တိုက်များ ထူထောင်လာကြသည်သာမက စာကြည့်တိုက်ပညာ သင်တန်းများကိုလည်း ဖွင့်လှစ်ခဲ့ကြသည်။

၁၉၅၅ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနက စာကြည့်တိုက်ပညာ သင်တန်းတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။ ခြောက်လသင်တန်းဖြစ်ပြီး စာကြည့်တိုက်ပညာဘွဲ့ရ ပညာရှင်များက ဦးစီးသင်ကြားပေးခဲ့ကြသည်။ တက္ကသိုလ်ဘွဲ့ရများသာ တက်ရောက်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင် စာကြည့်တိုက်ပညာကို အသက်မွေးဝမ်းကျောင်း အတတ်ပညာအဖြစ် ပထမဦးဆုံး သင်ကြားလေ့ကျင့်ပေးသော သင်တန်းဖြစ်သည်။ ထိုသင်တန်းဆင်းများသည် အစိုးရဌာနအသီးသီးတွင် စာကြည့်တိုက်မှူးများ ဖြစ်လာကြပြီး နောက်ပိုင်းတွင် နိုင်ငံခြား တိုင်းပြည်အသီးသီးသို့ သွားရောက်၍ စာကြည့်တိုက်ပညာ ဘွဲ့လွန်သင်တန်းများ တက်ရောက်အောင်မြင်ကာ မြန်မာနိုင်ငံတွင် ထင်ရှားသော စာကြည့်တိုက်မှူးများ ဖြစ်လာခဲ့ကြသည်။

၁၉၅၇ ခုနှစ်တွင် အိုဟိုင်းယိုးတက္ကသိုလ်မှ Dr. M.A. Gelfend သည် မြန်မာနိုင်ငံသို့ စာကြည့်တိုက် အကြံပေးအဖြစ် လာရောက်တာဝန်ထမ်းဆောင်စဉ် စာကြည့်တိုက်ပညာ သုံးလသင်တန်းတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် Dr. Gelfend သည် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဖွဲ့စည်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို ၁၉၅၉ ခုနှစ် မေလ ၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး Dr. Gelfend က Nation-wide Library Service for Burma (Myanmar) စာတမ်းကို ဖတ်ကြားခဲ့သည်။ အခြားမြန်မာစာကြည့်တိုက်မှူးများကလည်း စာကြည့်တိုက်ဆိုင်ရာ စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ သို့ရာတွင် အသင်း၏ လုပ်ငန်းများ နောက်ပိုင်းတွင် တဖြည်းဖြည်း မှေးမှိန်လာခဲ့သည်။

၁၉၆၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် စာပေဗိမာန်ကဦးစီး၍ စာကြည့်တိုက် နှီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပခဲ့ပြီး စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာရှင်များက စာကြည့်တိုက်ပညာ ဆိုင်ရာ စာတမ်းများ ဖတ်ကြားခဲ့ကြသည်။ စာတမ်းများကို စုစည်း၍ စာကြည့်တိုက်လက်စွဲအဖြစ် စာပေဗိမာန်က စာအုပ်ထုတ်ဝေပေးခဲ့ရာ စာကြည့်တိုက်လောကအတွက် အလွန်အကျိုးများခဲ့ပေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ တပ်မတော် အစိုးရ အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို မကြုံစဖူး ခိုင်ခိုင်မာမာ တည်ဆောက်ပေးနေသကဲ့သို့စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေ၊ ယဉ်ကျေးမှုစသည့် ကိစ္စများကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက်ပေးလျက်ရှိ။

၁၉၆၉ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် ကုန်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် မိမိတို့ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် စာကြည့်တိုက်ပညာ သင်တန်းများ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးနိုင်ခဲ့သည်။

၁၉၆၆ ခုနှစ် မေလ ၃၀ ရက်နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာတွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့က တက္ကသိုလ်နှင့် ကောလိပ်များတွင် အမှုထမ်းဆောင်ရန်အတွက် စာကြည့်တိုက်မှူးရာထူးများ လစ်လပ်ကြောင်း ကြေညာခဲ့ပြီး စာကြည့်တိုက်မှူး ၁၁ ဦးကို ခန့်အပ်ခဲ့သည်။ အဆိုပါ စာကြည့်တိုက်မှူးများကို ၁၉၆၇ ခုနှစ် ဧပြီလအတွင်း တစ်လ သင်တန်းအဖြစ် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှူး ဆရာဇော်ဂျီ၏ ရုံးခန်းတွင် အချိန်ပြည့် သင်ကြားလေ့ကျင့်ပေးခဲ့ပြီး ၁၉၆၈ ခုနှစ် ဧပြီလတွင် ထိုစာကြည့်တိုက်မှူးများကိုပင် ထပ်မံခေါ်ယူ၍ လေ့ကျင့်ပေးခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

စာကြည့်တိုက်ပညာကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စာတွေ့ လက်တွေ့ သင်ကြားလေ့ကျင့်ပေးပြီး အရည်အချင်းပြည့်ဝသည့် စာကြည့်တိုက်မှူး အမြောက်အမြားကို ရန်ကုန်တက္ကသိုလ်မှ မွေးထုတ်ပေး နိုင်ခဲ့သည်။ ၁၉၇၁ ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်တွင် စာကြည့်တိုက် ပညာဒီပလိုမာ (ဘွဲ့လွန်) သင်တန်းတစ်ရပ်ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။ နှစ်နှစ်သင်တန်း ဖြစ်ပြီး စာတွေ့ တစ်နှစ်ခွဲ အချိန်ပိုင်း တက်ရောက်၍ လက်တွေ့ခြောက်လကို အချိန်ပြည့်လေ့ကျင့်ကြရသည်။ စာကြည့်တိုက်ပညာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁)မှ (၂၀)အထိ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ ရန်ကုန်နှင့် မန္တလေးရှိ တက္ကသိုလ်ကြီးများတွင် စာကြည့်တိုက်နှင့် သုတပညာဆိုင်ရာ ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့များကို ချီးမြှင့်အပ်နှင်းနိုင်ပြီဖြစ်ရာ ပါရဂူဘွဲ့အထိ ချီးမြှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

"နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော် အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို မကြုံစဖူး ခိုင်ခိုင်မာမာ တည်ဆောက်ပေးနေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေ၊ ယဉ်ကျေးမှု စသည့် ကိစ္စများကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက် ပေးလျက်ရှိပါသည်" ဟူသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည့်အတိုင်း စာကြည့်တိုက်များ၊ စာကြည့်တိုက်မှူးများနှင့် စာကြည့်တိုက်ပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အစဉ်တစိုက် အားပေးဆောင်ရွက်လျက် ရှိနေပါသည်။

နိုင်ငံတကာ စာကြည့်တိုက်အသင်းများရှိရာ မြန်မာနိုင်ငံတွင်လည်း စာကြည့်တိုက်အသင်းရှိခြင်းဖြင့် နိုင်ငံတကာစာကြည့်တိုက်အသင်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ပြီး နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း အလေးအနက် ခံယူမိကြသည့် အလျောက် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ပေါ်ပေါက်လာစေရန်အတွက် ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာ ၁၄ ရက်နေ့တွင် ဝန်ကြီးဌာနပေါင်းစုံမှ စာကြည့်တိုက်မှူးများစုစည်း၍ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဖြစ်မြောက်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စတင်ကြိုးပမ်းခဲ့သည်။ ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟိုအဖွဲ့၏ မှတ်ပုံတင်အမှတ်(၁၇၃၁)ဖြင့် တရားဝင်ဖွဲ့စည်းခွင့် ရရှိခဲ့ပေသည်။

အသင်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အပိုင်း(၂)၊ အခန်း(၃)၊ အပိုဒ်(၇) (က)နှင့်အညီ အသင်းညီလာခံကို လေးနှစ်လျှင် တစ်ကြိမ် ကျင်းပပြီး နှစ်ပတ်လည်အစည်းအဝေးများကို တစ်နှစ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းသည် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအသင်း (Congress of Southeast Asian Librarians-CONSAL)၏ အဖွဲ့ဝင်ဖြစ်သကဲ့သို့ အပြည်ပြည်ဆိုင်ရာ စာကြည့်တိုက်အသင်းများအဖွဲ့ချုပ် (International Federation of Library Associations and Institutions-IFLA) ၏ အဖွဲ့ဝင်အဖြစ်လည်း ရပ်တည်လျက်ရှိနေပြီဖြစ်သည်။

၁၉၉၉ ခုနှစ် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် IFLA ၏ (၆၅)ကြိမ်မြောက် အထွေထွေညီလာခံ၊ ၂၀၀၀ ပြည့်နှစ် ဧပြီလအတွင်း စင်ကာပူနိုင်ငံတွင်ကျင်းပခဲ့သည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ၏ (၁၁)ကြိမ်မြောက်ညီလာခံ၊ ၂၀၀၂ ခုနှစ် ဩဂုတ်လအတွင်း ဒေန်းမတ်နိုင်ငံ၊ ဂလပ်စဂိုမြို့တွင် ကျင်းပခဲ့သည့် IFLA ၏ (၆၈)ကြိမ်မြောက် အထွေထွေညီလာခံ၊ စင်ကာပူနိုင်ငံတွင် ၂၀၀၂ ခုနှစ် နိုဝင်ဘာလအတွင်းကျင်းပခဲ့သည့် အာရှကလေးလူငယ် စာကြည့်တိုက်ဆိုင်ရာ ပုံပြောသူများ ညီလာခံ၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သည့် The 11th Congress of the Directors of National Libraries in Asia and Oceania နှင့် International Book Fair ၊ ထိုနှစ်အောက်တိုဘာလအတွင်း နီပေါနိုင်ငံတွင် ကျင်းပခဲ့သည့် Empowering Library Associations Workshop တို့သို့ မြန်မာနိုင်ငံစာကြည့်တိုက်အသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး ဒေသအတွင်းနှင့် နိုင်ငံတကာစာကြည့်တိုက်အသင်းများ ဖွံ့ဖြိုးရေး၊ ပူးပေါင်းဆောင်ရွက်ရေးစသည့် ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခဲ့ကြပေသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးများကို လစဉ်ပုံမှန်ကျင်းပပြီး လိုအပ်လျှင် အရေးပေါ် အစည်းအဝေးများ ထပ်မံကျင်းပကာ အသင်း၏လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း သတင်းလွှာကို ပုံမှန်ထုတ်ဝေပြီး အသင်းသားများသို့ အခမဲ့ဖြန့်ချိပေးလျက်ရှိရာ ယခုအခါ အမှတ်စဉ် (၁၆)အထိ ထုတ်ဝေနိုင်ခဲ့ပြီးဖြစ်သည်။ အဆိုပါ သတင်းလွှာကို အင်္ဂလိပ်–မြန်မာ နှစ်ဘာသာဖြင့် စာကြည့်တိုက်ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ နိုင်ငံတကာစာကြည့်တိုက်ဆိုင်ရာ သတင်းအချက်အလက်များ၊ အသင်း၏ ဆောင်ရွက်ချက်များ၊ စာကြည့်တိုက်ပညာရှင်ကြီးများ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများဖြင့် ဝေဝေဆာဆာ ထုတ်ဝေလေ့ရှိပါသည်။

ပြည်တွင်း၊ ပြည်ပ စာကြည့်တိုက်ပညာရှင်များ၏ ဟောပြောပွဲများ၊ နိုင်ငံတကာစာကြည့်တိုက်အသင်းအဖွဲ့များ၏ ညီလာခံများ၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများသို့ တက်ရောက်ခဲ့ကြသည့် အသင်းသားများ၏ အတွေ့အကြုံ ဟောပြောပွဲများကိုလည်း ပုံမှန်ကျင်းပနိုင်ခဲ့သည်။

ဆရာဇော်ဂျီဆု၊ ဆရာတိုက်စိုးဆု၊ ဦးသော်ကောင်းဆု၊ မမြတ်လေးဆု၊ ဆရာဦးစံတင်အောင်(ရွှေဘို)ဆုများ အတွက် သက်ဆိုင်ရာ မိသားစုများ၊ တပည့်များ၏ လှူဒါန်းမှုများကို ထာဝရငွေပဒေသာပင်များအဖြစ် စိုက်ထူထားရှိပြီး စာကြည့်တိုက်နှင့် သုတပညာဆိုင်ရာ ဒီပလိုမာဘွဲ့(ဘွဲ့လွန်) သင်တန်း၊ ဝိဇ္ဇာဘွဲ့၊ မဟာဝိဇ္ဇာ ဘွဲ့၊ မဟာသုတေသနဘွဲ့ အတန်းအသီးသီးတွင် ထူးချွန်စွာအောင်မြင်သူများအား မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ဦးဆောင်စီစဉ်မှုဖြင့် နှစ်စဉ်ဆုများ ချီးမြှင့်ပေးလျက်ရှိပေသည်။

နိုင်ငံတကာ စာကြည့်တိုက်အသင်းအဖွဲ့များက ချီးမြှင့်သော ပညာသင် ဆုများနှင့်ပတ်သက်၍ စာကြည့်တိုက်အသင်းဝင်များထဲမှ သင့်လျော်သူများကို နိုင်ငံခြား ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက ကြီးမှူးသော စာကြည့်တိုက် လုပ်ငန်းကျွမ်းကျင်သင်တန်းများကို တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်ဖွင့်လှစ်ပြီး အခမဲ့သင်ကြားပေးလျက်ရှိသည်။ အခြားဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စာကြည့်တိုက်များက အကူအညီ တောင်းခံလျှင်လည်း သင်တန်းများ ပို့ချပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျ ရှိရေးအတွက် အကြံပေးခြင်း၊ ကူညီဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

သက်ကြီးဝါကြီး စာကြည့်တိုက်ပညာရှင်များအား ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိရာ အဋ္ဌမအကြိမ်အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပမှ ပေးပို့လှူဒါန်းသော စာအုပ်စာတမ်းများကိုလည်း စာကြည့်တိုက်အသီးသီးသို့ ဖြန့်ဝေပေးလျက်ရှိပေသည်။

ယခုအခါ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယအကြိမ် ညီလာခံ ကျင်းပနိုင်ရေးအတွက် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ အလှူရှင်များကလည်း အလှူငွေများ ပါဝင်လှူဒါန်းခြင်းဖြင့် ဝိုင်းဝန်း အားပေးကူညီကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိပေသည်။

အသင်းကို စတင်တည်ထောင်ခဲ့စဉ်က အသင်းဝင်ဦးရေ ၂၆၀ မျှသာ ရှိခဲ့ရာမှ ယခုအခါ ရာသက်ပန်အသင်းဝင် ၈၉ ဦး၊ သာမန်အသင်းဝင် ၁၆၄ ဦး၊ အရန်အသင်းဝင် ၅၃၈ ဦးအထိ တိုးတက်အောင် စည်းရုံးဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။

အသင်း၏ ရည်ရွယ်ချက်များနှင့် ထိုရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ချမှတ်ထားသော လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ပထမလေးနှစ်၊ ဒုတိယလေးနှစ်အတွင်း ကျင်းပခဲ့သည့် ညီလာခံများ၊ နှစ်ပတ်လည်အစည်းအဝေးများမှရရှိသော အတွေ့အကြုံများဖြင့် တဖြည်းဖြည်း ရင့်ကျက်လာပြီဖြစ်သည့်အလျောက် ယခုကျင်းပသည့် တတိယအကြိမ် ညီလာခံကို အကောင်းဆုံး ဖော်ဆောင်နိုင်ခဲ့ကြပြီဖြစ်သည်။

တတိယအကြိမ် ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သည့် အသင်းအကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်ကြမည့် စိတ်ရင်းစေတနာကောင်းပြီး နိုးကြားတက်ကြွသော၊ အရည်အချင်းပြည့်ဝသော အမှုဆောင်အဖွဲ့ဝင်များက ချမှတ်ပြဋ္ဌာန်းလိုက်သော ဆုံးဖြတ်ချက်များ အောင်မြင်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ အားမာန်တို့ဖြင့် အလေးအနက် ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ ။

ဖိလစ်ပိုင်ရှိ မာရွန်မီးတောင် ပိုမိုလှုပ်ရှားလာ၊ ရက်သတ္တပတ်အတွင်း ပေါက်ကွဲနိုင်

မနီလာ ဇူလိုင် ၁၉

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ မာရွန်မီးတောင်သည် လွန်ခဲ့သော ၂၄ နာရီအတွင်း ပိုမိုလှုပ်ရှားလာကြောင်း၊ လာမည့် ရက်သတ္တပတ်များအတွင်း မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားလာမည်ကို စိုးရိမ်ရကြောင်း ဖိလစ်ပိုင် မီးတောင်နှင့် မြေငလျင်ဌာန (ဖီဗော့လ်စ်)က ဇူလိုင် ၁၆ ရက်တွင် ထုတ်ပြန်ကြေညာသည်။

မီးတောင်မှ စီးထွက်လာသော ချော်ရည်စီးဆင်းရာ လမ်းကြောင်းမှာ မီတာ ၈၀၀ ခန့် အရှည်ရှိသည်။ ဇူလိုင် ၁၅ ရက်တွင် မီးတောင်အတွင်း၌ ဖိအားပိုမိုများလာကြောင်း၊ ဖိအားများလာသည့်အတွက် ချော်ရည်ထွက်ရှိမှုနှုန်း တိုးလာနိုင်ကြောင်း မီဗောလ်စ်အထက်တန်း သိပ္ပံပညာရှင် ပါအီဒူအာဒိုလာဂူတာက ပြောကြားသည်။ နောက်ရက်အနည်းငယ်တွင် ချော်ရည်နှင့်အတူ ချော်တုံးချော်ခဲများ စီးထွက်လာနိုင်ကြောင်း၊ မာရွန်မီးတောင် ပေါက်ကွဲနိုင်မှုအတွက် သတိပေးမှုအဆင့်ကို နံပါတ်(၄)အဆင့်သို့ တိုးမြှင့်ရဖွယ်ရှိကြောင်း၊ မီးတောင်သတိပေးမှုအဆင့်တွင် အဆင့်ငါးခုရှိရာမှ ယင်းသတိပေးမှုအဆင့်သည်ဒုတိယအမြင့်ဆုံးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မီးတောင်မှ ချော်ရည်များ ပိုမိုထွက်ရှိလာခြင်းနှင့်အတူ ဆာဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့သည်လည်း တိုးမြင့်ထွက်ရှိလာကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီတလီတွင် လေယာဉ်ငယ်ပျက်ကျ

ရောမ ဇူလိုင် ၁၉

အီတလီနိုင်ငံ အယ်လ်ဗာကျွန်းမှ စက်တစ်လုံးတပ် လေယာဉ်ငယ်တစ်စင်းသည် တနင်္ဂနွေနေ့က ဂျာမနီနိုင်ငံသို့ ခရီးနှင်ရန် လေယာဉ်ကွင်းမှ ပျံတက်အပြီး မကြာမီမှာပင် ပျက်ကျသွားကြောင်း၊ လူသုံးဦးသေဆုံးပြီး နှစ်ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားကြောင်း လေဆိပ်အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ လေယာဉ်သည် လေဆိပ်မှ ပျံတက်အပြီး ခဏအကြာမှာပင် ပျက်ကျသွားကြောင်း မာရီနာဒီကမ်ပို လေဆိပ်မှ အရာရှိတစ်ဦးက ပြောကြားသည်။ အဆိုပါ မတော်တဆမှုသည် စက်ချို့ယွင်းမှုကြောင့် ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်နိုင်ငံအတွင်း ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ပါဝင်သူများကို ဇူလိုင် ၁၈ ရက် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ အာရှအားကစားပြိုင်ပွဲဝင်မည့် ကိုရီးယားမြားပစ်အားကစားသမားများ လေ့ကျင့်နေသည်ကို ဇူလိုင် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ကားဗုံးပေါက်ကွဲ ၅၇ဦး သေဆုံး၊ ၉၃ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇူလိုင် ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း ကူဖာမြို့တွင် ဇူလိုင် ၁၈ရက်က ဆောက်လုပ်ရေးအလုပ်သမား အုပ်စုအတွင်း၌ ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူအရေအတွက်သည် ၅၇ဦး အထိ ရှိသွားပြီဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

နောက်ဆုံး ထုတ်ပြန်သော အစီရင်ခံစာတွင် သေဆုံးသူ ၅၇ဦးရှိပြီး ဒဏ်ရာရရှိသူ ၉၃ဦးရှိကြောင်း ဆင်ဟွာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။

ဗုံးခွဲသူသည် ဆောက်လုပ်ရေး အလုပ်သမားများ နေ့စဉ် လုပ်ငန်းခွင်ဝင်ရန်အတွက် စုဝေးရောက်ရှိနေသော ကူဖာမြို့ရှိ အဆောက်အအုံတစ်ခုအနီးတွင် နံနက် ၇နာရီခွဲက ပေါက်ကွဲစေသော ပစ္စည်းများ တင်ဆောင်လာသည့် ၎င်း၏ကားကို ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်။ လူနာတင်ယာဉ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယင်းနေရာသို့ အလျင်အမြန် ရောက်ရှိလာကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့် ရုရှား ဆိုက်ဘေးရီးယား၌ ပူးတွဲလေ့လာမည်

ပေကျင်း ဇူလိုင် ၁၉

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား ဒေသတွင် သယံဇာတလေ့လာမှုကို ရုရှားသိပ္ပံပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် တရုတ်သိပ္ပံပညာရှင်များနှင့် သတင်းစာဆရာများ ပါဝင်သော အဖွဲ့သည် ဇူလိုင် ၁၉ ရက်တွင် ရုရှားနိုင်ငံ အက်စ်ကူဆက်စ်ဒေသသို့ သွားရောက်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းသည် သယံဇာတ လေ့လာမှုတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန် ရုရှားနှင့်တရုတ် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ တရုတ်သိပ္ပံပညာရှင်များသည် ဆိုက်ဘေးရီးယားဒေသခရီးစဉ်မှ သယံဇာတ အရင်းအမြစ်များကို ရှာဖွေနိုင်သော နည်းလမ်းသစ်ကို တွေ့ရှိနိုင်မည်ဟု မျှော်မှန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နယူးဇီလန်မှ ထောပတ် ဥရောပသို့ တင်ပို့ခွင့် ရပ်ဆိုင်းထားသည့်ဆုံးဖြတ်ချက်ကို ဝန်ကြီးချုပ်ဝေဖန်

ဝယ်လင်တန် ဇူလိုင် ၁၉

နယူးဇီလန်နိုင်ငံက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့နေသော ထောပတ်များကိစ္စနှင့် ပတ်သက်၍ ဥရောပသမဂ္ဂက ဆက်လက်လက်ခံခြင်းမပြုဘဲ ရပ်ဆိုင်းထားသည့် ဆုံးဖြတ်ချက်ချခဲ့သည့်ကိစ္စအပေါ် နယူးဇီလန်ဝန်ကြီးချုပ် ဟယ်လင်ကလပ်က ဇူလိုင် ၁၇ ရက်တွင် ဝေဖန်ပြောကြားသည်။

ယခုကိစ္စတွင် ဥရောပသမဂ္ဂအနေဖြင့် မလိုအပ်ဘဲ အလွန်အကျွံ လုပ်ဆောင်နေခြင်းသာဖြစ်သည်ဟု သတင်းမီဒီယာများနှင့် တွေ့ဆုံမေးမြန်းစဉ် နယူးဇီလန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံမှ နို့နှင့်နို့ထွက်ပစ္စည်း ကုန်သွယ်လုပ်ငန်းက နယူးဇီလန်ထောပတ်များ ဥရောပသို့ တင်သွင်းသည့်ကိစ္စကို ဥရောပသမဂ္ဂ တရားရုံးသို့ တိုင်တန်းကာ အရေးယူပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုတိုင်တန်းချက်ရပြီးနောက် နယူးဇီလန်ထောပတ်များ တင်သွင်းသည့်ကိစ္စကို ဆိုင်းထားရန် ဖရင့်ဖတ်မြို့ရှိ ဥရောပသမဂ္ဂတရားရုံးက ဇူလိုင် ၁၁ ရက်တွင် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုကိစ္စကို တရားရုံးသို့ တင်ပြတောင်းဆိုသူမှာ ဂျာမန်လုပ်ငန်းရှင်အီဂျင်ဘာဂျာဖြစ်သည်။ ဥရောပသမဂ္ဂသို့ ပစ္စည်းတင်သွင်းရာတွင် ဗြိတိန်က လိုင်စင်ထုတ်ပေးခွင့်ပြုထားသော ကိစ္စကိုလည်း မဖြစ်သင့်ကြောင်း ၎င်းကတင်ပြချက်တွင် တစ်ဆက်တည်း ဖော်ပြခဲ့သည်။

နို့ထွက်ပစ္စည်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ ဥရောပသမဂ္ဂ၏ ဥပဒေများတွင် ညီညွတ်မှုမရှိသည့် အချက်အလက်အများအပြားကို ဖရင့်ဖတ်တရားရုံးက မေးခွန်းထုတ်ထားသည်။ နယူးဇီလန်နိုင်ငံက ဥရောပသမဂ္ဂနိုင်ငံများသို့ ထောပတ်တင်ပို့ရာ၌ အထူးတင်ပို့ခွင့် ခွဲတမ်းရရှိသည်။ ယင်း ခွဲတမ်းမှာ တစ်နှစ်လျှင် ထောပတ်တန် ၇၇၀၀၀ တင်ပို့ခွင့် ဖြစ်ပြီး ထိုလုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၁၆၃ သန်း ဝင်ငွေရရှိလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် ဆေးရုံသို့ ရောက်လာသော လူနာတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီသီယိုးပီးယားတွင် ဘဏ်ဓားပြတိုက်မှုဖြစ် ရဲကပ်စ်ခတ်၍တစ်ဦးသေ

အဒစ်အဘာဘာ ဇူလိုင် ၁၉

အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင် ဘဏ်ဓားပြတိုက်မှု ဖြစ်ပွားကြောင်း၊ နိုင်ငံပိုင် ဘဏ်ကို ဝင်ရောက်စီးနင်းရန် ကြိုးစားသော လက်နက်ကိုင်ဓားပြအုပ်စုကို အီသီယိုးပီးယားရဲတပ်ဖွဲ့က ဝင်ရောက်ဖမ်းဆီးရာ တစ်ဦးမှာ ပွဲချင်းပြီး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲအဖွဲ့ဝင်များထူထပ်စွာ စောင့်ကြပ်နေသော အဒစ်အဘာဘာမြို့တွင် နေ့ခင်းကြောင်တောင် ဘဏ်ဓားပြတိုက်မှုမျိုးမှာ ဖြစ်တောင့်ဖြစ်ခဲဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စိုက်ပျိုးရေးထွက်ကုန်မြှင့်တင်ရန် တရုတ်ဝန်ကြီးချုပ် တိုက်တွန်း

ဖန်ရှု ဇူလိုင် ၁၇

တရုတ်နိုင်ငံတွင် စိုက်ပျိုးရေးထွက်ကုန် တိုးမြှင့်နိုင်ရန်နှင့် လယ်သမားများ၏ဝင်ငွေတိုးတက်လာစေရန် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များက အလေးထားဆောင်ရွက်သင့်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က တိုက်တွန်းလိုက်သည်။

မိမိတို့နိုင်ငံတွင် နွေရာသီ သီးနှံရိတ်သိမ်းမှုပြီးဆုံးပြီဖြစ်၍ ဆောင်းရာသီ သီးနှံထုတ်လုပ်နိုင်ရန် အာရုံစိုက်သင့်ကြောင်း တရုတ်နိုင်ငံ အလယ်ပိုင်း ဟေနန်ပြည်နယ်တွင် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်ထိ လုပ်ငန်းစစ်ဆေးရေးခရီး လှည့်လည်ရာတွင် ဝမ်က ပြောကြားသည်။

စိုက်ပျိုးရေး ထွက်ကုန်များအတွက် အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်သည့် စနစ်ကို ဒေသန္တရ အာဏာပိုင်အဖွဲ့များက ချမှတ် ကျင့်သုံးသင့်ကြောင်း၊ သို့မှသာ လယ်သမားများ၏ ဝင်ငွေကောင်းမွန် တည်ငြိမ်လာမည်ဖြစ်ကြောင်း ဝမ်က ပြောကြားသည်။

လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ ပစ္စည်းများနှင့် လယ်ယာသုံးပစ္စည်းများ၏ ဈေးနှုန်း တည်ငြိမ်အောင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဝမ်က မှာကြားသည်။

တရုတ်နိုင်ငံတွင် တောင်သူလယ်သမားဦးရေ သန်း ၉၀၀ ရှိပြီး နိုင်ငံတွင်းရှိ နှံစားသီးနှံ အဓိကစိုက်ပျိုးသောပြည်နယ်များအနက် ဟေနန်ပြည်နယ်သည်လည်း အပါအဝင်ဖြစ်သည်။

တရုတ်နိုင်ငံတွင် စီးပွားရေးလျင်မြန်စွာတိုးတက်ရန် ပုံသေပိုင်ဆိုင်ပစ္စည်းများကဏ္ဍတွင် အလွန်အကျွံ ရင်းနှီးမြှုပ်နှံမှု မပြုသင့်ကြောင်း ဒေသဆိုင်ရာ စက်မှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ဝမ်ကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘောဒီးယား၌ သကြားစက်ရုံ တည်ဆောက်မည်

ဖနောင်ပင် ဇူလိုင် ၁၉

ထိုင်းနိုင်ငံ၏အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးနှင့် ကမ္ဘောဒီးယားမှ သန်းကြွယ်သူဌေးတစ်ဦးတို့သည် ကမ္ဘောဒီးယားနိုင်ငံ ခေါ်ကွန့်ပြည်နယ်တွင် အမေရိကန်ဒေါ်လာသန်း ၅၀တန် သကြားစက်တစ်လုံးနှင့် ကြံစိုက်ကွင်းများကို တည်ထောင်သွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနေ့စဉ်သတင်းစာက ဖော်ပြသည်။

ကမ္ဘောဒီးယားသူဌေး မောင်ဂ်ရသီက ထိုစီမံကိန်းတွင် ၅၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး ထိုင်းသူဌေး ချရွန် စီရီဗတ်ဟာနာဘတ်ဒီက ၄၉ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ သကြားစက်ရုံသစ်မှာ ၂၀၀၈ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါစက်ရုံပြီးစီးသွားသောအခါ တစ်နှစ်လျှင် ကြံသကြားဖြူတန် ၆၀၀၀၀၊ တင်လဲရည်တန် ၂၅၀၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံသည် ယခုအခါ နှစ်စဉ်ပြည်ပမှ သကြား တင်သွင်းရန် အမေရိကန်ဒေါ်လာ သန်း၇၀ သုံးစွဲနေရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆူနာမီကြောင့် သေဆုံးသူ ၅၀၀ ကျော်ရှိ

ပန်ဂန်ဒါရမ်(အင်ဒိုနီးရှား) ဇူလိုင် ၂၀

အင်ဒိုနီးရှား ကယ်ဆယ်ရေးအဖွဲ့များသည် တနင်္လာနေ့တွင် ငလျင်လှုပ်ခတ်ပြီး ဆူနာမီဖြစ်ပေါ်ရာမှ သေဆုံးသူများကို ဂျာဗားကျွန်းတောင်ပိုင်း ကမ်းခြေတစ်လျှောက်၌ ရှာဖွေလျက်ရှိရာ ဇူလိုင် ၁၉ရက်အထိ သေဆုံးသူပေါင်း ၅၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ပျောက်ဆုံး

အနောက် ဂျာဗားပြည်နယ်သည် ဆူနာမီ အဆိုးရွားဆုံး ထိခိုက်ခဲ့ရသည့် ဒေသဖြစ်ပြီး ၁၇၂ဦးထက်မနည်း သေဆုံးကာ ၁၀၀ကျော် ပျောက်ဆုံးနေကြောင်း သိရသည်။

ဆောင်ရွက်

ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ပန်ဂန်ဒါရမ် အပန်းဖြေစခန်း အပါအဝင် ကမ်းခြေဒေသ ခုနစ်ခုတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ လူပေါင်း ၅၄၀၀ ထက်မနည်းမှာ ကျောင်းများ၊ အဆောက်အအုံများ၊ ကျေးရွာခန်းမများတွင် ဝင်ရောက်ခိုလှုံနေကြရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ ငလျင်လှုပ်ရာဒေသ၊ ဆူနာမီလျင်လှိုင်း တိုင်းတာရေးစခန်းရှိ သတိပေးစနစ်များ ဖော်ပြထားသောမြေပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အခကြေးငွေဖြင့်နားဆင်ရသည့် အသံလွှင့်လုပ်ငန်း စင်ကာပူ စတင်လုပ်ကိုင်

စင်ကာပူ ဇူလိုင် ၁၉

ကမ္ဘာ့ပထမဆုံး အခကြေးငွေပေးနားဆင်ရသော ဒီဂျစ်တယ်ရေဒီယို အသံလွှင့်စနစ် အသုံးပြုသည့် အသံလွှင့်ရုံကို စင်ကာပူနိုင်ငံက ဇူလိုင် ၁၈ရက်တွင် စတင်ဖွင့်လှစ်လိုက်ကြောင်း နယူးအာရှချန်နယ်လ်သတင်းက ထိုနေ့ညတွင် ထုတ်လွှင့်ပြောကြားသည်။

အခကြေးငွေပေး ဒီဂျစ်တယ်ရေဒီယို အသံလွှင့်လုပ်ငန်း (ဒီအေဘီ)ကို စင်ကာပူနိုင်ငံ ရီဒီဖရူရှင်း ကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်သည်။ စတင်ထုတ်လွှင့်သည့် နေ့မှာပင် ချန်နယ်လ် ၁၀ခုဖြင့် ထုတ်လွှင့်ခဲ့သည်။

ဒီအေဘီလုပ်ငန်း လုပ်ကိုင်ခွင့်ကို ရီဒီဖရူရှင်း ကုမ္ပဏီက ယခင်နှစ် ဧပြီလကတည်းကရရှိခဲ့သည်။ မျက်မှောက်ကာလတွင် ထိုအစီအစဉ်ကို ဖမ်းယူရန် ဒီဂျစ်တယ် ဟိုင်-ဖိုင် ရေဒီယိုများဖြင့် ဖမ်းယူရရှိနိုင်သည်။ ယခုနှစ်ကုန်ပိုင်းကားသုံး၊ အိမ်သုံး ဒီဂျစ်တယ်ရေဒီယို ထုတ်လုပ်ရေးကိုလည်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဂျပန်နိုင်ငံ ကေဒီဒီအိုင် ဆက်သွယ်ရေးကုမ္ပဏီက ထုတ်လုပ်သော မိုဘိုင်းလ်ဖုန်းအသစ်အား သရုပ်ပြနေသည်ကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကျင်းပသည့် မင်္ဂလာပွဲတစ်ခုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားများ တိုက်ပွဲဖြစ်ပွား ထိန်းချုပ်ကြရန်နှင့် သံတမန်ရေးအရဖြေရှင်းရန် တိုက်တွန်း

ဘေရွတ် ဇူလိုင် ၂၀

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာပြောက်ကျားများ စစ်ရေးပဋိပက္ခဖြစ်ပွားမှုမှာ ဒုတိယမြောက် ရက်သတ္တပတ်အတွင်းသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ဟစ်ဇ်ဘိုလာပြောက်ကျားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်များအကြား အပြင်းထန်ဆုံးတိုက်ခိုက်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ နှစ်ဖက်စလုံးက ထိန်းချုပ်မှုများ ပြုလုပ်ရန်လည်းကောင်း၊ အီရန်နှင့် ဆီးရီးယားနိုင်ငံတို့က သံတမန်ရေးအရ ဖြေရှင်းကြရန်လည်းကောင်း တိုက်တွန်းလျက်ရှိကြောင်း ဇူလိုင် ၂၀ရက်သတင်းများတွင် ဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦးကို ပါလက်စတိုင်းစစ်သွေးကြွများက ပြန်ပေးဆွဲခြင်းနှင့် နယ်စပ်ဒေသတွင် ကင်းလှည့်နေသော အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာပြောက်ကျားအဖွဲ့က ပြန်ပေးဆွဲခြင်း ဖြစ်ရပ်များ ပေါ်ပေါက်ခဲ့ပြီးနောက် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများ မြင့်မားလာသည်။

အစ္စရေးတပ်ဖွဲ့က လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာစခန်းများကို လေကြောင်းမှ ပြင်းထန်စွာ တိုက်ခိုက်ခဲ့ပြီး ဟစ်ဇ်ဘိုလာပြောက်ကျားများကလည်း အစ္စရေးနယ်စပ်မြို့များကို ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ထိုစဉ်အတွင်း နယ်စပ်ဒေသတွင် အပြန်အလှန်ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

လက်ဘနွန်၊ အစ္စရေးနှင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အရပ်သူ အရပ်သားများ သေကြေပျက်စီးမှုများ ဖြစ်ပေါ်နေခြင်းအတွက် စိုးရိမ်ပူပန်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ပြောကြားသည်။

အတည်ပြု

လက်ဘနွန်နိုင်ငံတွင် ယခုအချိန်အထိ သေဆုံးသူ ၃၀၀ကျော်ရှိကြောင်း၊ လူပေါင်း ၁၀၀၀ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်ဝန်ကြီးချုပ် ဖာရွတ်ဆန်နီယိုရာက အတည်ပြုပြောကြားသည်။

ဟစ်ဇ်ဘိုလာပြောက်ကျားများသည် ဗုဒ္ဓဟူးနေ့က နာဇာရက်မြို့အပါအဝင် အစ္စရေးနိုင်ငံမြောက်ပိုင်းကို ရော့ကက်ဒုံးကျည် ၁၄၀ကျော်ဖြင့် ပစ်ခတ်ခဲ့သည်။

ထိုင်းအရှေ့မြောက်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

ဗန်ကောက် ဇူလိုင် ၁၇

ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်း မဟာဆာရာကမ်ပြည်နယ် ချိုင်းယူအမ်ခရိုင်တွင် တနင်္ဂနွေနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဘတ်စ်ကားနှင့် နောက်တွဲယာဉ်တို့ တိုက်မိရာ နောက်တွဲယာဉ်မောင်း အပါအဝင် လူလေးဦးသည် ပွဲချင်းပြီး သေဆုံးပြီး ဆေးရုံတွင် သုံးဦးထပ်မံသေဆုံးသည်။ ခရီးသည် ၂၀ ပြင်းထန်စွာဒဏ်ရာရရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ခန့်မှန်း

လက်ဘနွန်နိုင်ငံတွင် လက်ရှိပေါ်ပေါက်နေသော တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၀၀၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်နိုင်ကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်မှစ၍ အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် ဒုံးကျည်အလုံးပေါင်း ၉၀၀ကျော် ကျရောက်ခဲ့သဖြင့် အရပ်သား ၁၅ဦးထက်မနည်း သေဆုံးပြီး ၃၅၀ခန့် ဒဏ်ရာရရှိကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင် စုစုပေါင်း ၁၄ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အင်တာနက်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်လင်ခရိုင် မိုင်းပွန်တံတားတည်ဆောက်ရေးစီမံကိန်း စစ်ဆေး လွိုင်လင်မြို့အဝင် ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးမှု ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ရှိ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ပင်လုံရိပ်သာမှ မော်တော်ယာဉ်များဖြင့် လဲချားမြို့သို့ ထွက်ခွာခဲ့ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီး - ဟိုပုန်း - မိုင်းပွန် ပြည်ထောင်စုလမ်း မိုင်တိုင်(၁၅၃/၀) ၌ မိုင်းပွန်ချောင်းကိုဖြတ်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူတည်ဆောက်လျက်ရှိသော လွိုင်လင်ခရိုင် မိုင်းပွန်တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြ၍ စက်ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးကျော်တင့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဝင်းဦးနှင့် တာဝန်ရှိသူများက တံတားတည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စံချိန်စံညွှန်းမီ တည်ဆောက်ရေး၊ သတ်မှတ်ချိန်ထက် စောစီးစွာပြီးစီးရေးနှင့် တံတားသစ် မပြီးစီးခင်ကာလအတွင်း တံတားဟောင်းကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရေးအတွက် ကြပ်ခိုင်မှုရှိရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါ တံတားသစ်မှာ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး တံတားအရှည် ၂၀၈ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေရှိသည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ဖြစ်သည်။ တံတားတည်ဆောက်ရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ် မတ် ၁ရက်တွင် စတင်ဆောင်ရွက်ခဲ့ကြောင်းသိရှိရသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ လွိုင်လင်မြို့အဝင် တောင်စောင်းများ၌ လွိုင်လင်မြို့နယ် ဌာနဆိုင်ရာများ၊ လွိုင်လင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒေသခံတိုင်းရင်းသားများက စုပေါင်းစိုက်ပျိုးလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တာဝန်ရှိသူများအား ဒေသခံပြည်သူများအနေဖြင့် ခြံစည်းရိုးကြက်ဆူပင်များကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြရေး၊ စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်၊ ရရှိသည့် အကျိုးအမြတ်များကို ရှင်းပြစည်းရုံးဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လဲချားမြို့ နယ်မြေခံတပ်သို့ ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တောင်ကြီးမြို့မှ ဟိုပုန်းမြို့၊ မိုင်းပွန်မြို့၊ လွိုင်လင်မြို့၊ ပင်လုံမြို့နှင့် လဲချားမြို့များသို့ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာရာတွင် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ရှိ လမ်းနှင့် တံတားများအခြေအနေ၊ လမ်းဘေးဝဲ/ယာ၌ မိုးစပါးအပြင် သီးနှံများ၊ ခြံစည်းရိုးကြက်ဆူပင်များဖြစ်ထွန်းအောင် မြင်နေမှုအခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် သဘာဝသစ်တော၊ သစ်ပင်များ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

ဇူလိုင်၂၀ရက်က ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု ကော်မတီ၏ (၁၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ကဏန်းလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးတင်အုန်းနှင့် ဝန်ထမ်းများက ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ သေကပဏ္ဍိတ အမှူးပြုသည့် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း လှိုင်မြို့နယ် ကမာရွတ်ဘူတာရုံ အနောက်ဘက် အေးရိပ်မွန် အပိုင်း(၁) အမှတ်(၅) ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာတွင် သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဇူလိုင် ၁၀ရက် (တနင်္လာ)က အဆိုပါကျောင်း၌ ကျင်းပရာ အလှူရှင်များက ဖြူးဆရာတော် ဘဒ္ဒန္တနရပတိအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်မိဘများနှင့် အဘွား ဒေါ်စောမြိုင်၊ ခင်ပွန်းဖြစ်သူ ဦးအေးအားရည်စုး၍ ဇနီးဒေါ်ကြည်မြင့်နှင့် သားသမီးမြေးတစ်စု၊ ကုန်ဈေးတန်း (၆)ရပ်ကွက်မှ အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ တာဝန်ခံ ဗိုလ်မှူးကြီးတင်ထွတ်နိုင်(ငြိမ်း)ထံ ဇွန် ၂၅ရက်က ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

လူကုန်ကူးသူ တရားခံစိုးမြင့်အား ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၂၀

ကမ္ဘာပေါ်တွင် လိင်မှုဆိုင်ရာ အမြတ်ထုတ်ရန်အတွက် လည်းကောင်း၊ အတင်းအကျပ် စေခိုင်းရန်အတွက် လည်းကောင်း လူကုန်ကူးမှုများ နိုင်ငံအားလုံး၌ ကူးစက်ဖြစ်ပွားလျက်ရှိသည်။ လူကုန်ကူးမှုသည် လူသားတို့၏ အရှက်နှင့် သိက္ခာကို ထိခိုက်စေသည့်အပြင် မြန်မာလူမျိုးတို့ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပါ ထိပါးပျက်စီးစေသည့်အတွက် နိုင်ငံတော်က လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်တွင်း၌လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ လည်းကောင်း၊ နိုင်ငံတကာ/ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တားဆီးတိုက်ဖျက်လျက်ရှိသည်။

ဖမ်းဆီးရမိ

ယင်းသို့ တားဆီးတိုက်ဖျက်နိုင်မှုကြောင့် ဇူလိုင် ၄ရက် ည ၈နာရီတွင် ရန်ကုန်ဘူတာကြီးမှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ လူကုန်ကူးရန် လှည့်စားခေါ်ဆောင်ခြင်းခံရသူ ခင်မောင်ဆွေနှင့် ငါးဦးတို့အား ရန်ကုန်တိုင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအဖွဲ့က ကယ်တင်စောင့်ရှောက်နိုင်ခဲ့ပြီး တရားခံ ရန်ကုန်မြို့ သာကေတမြို့နယ်(၈)ရပ်ကွက် (၇)လမ်း အမှတ်(၅၇၀)၌ ဘိုးတော်အဖြစ် ဓာတ်ခန်းဖွင့်လှစ်ထားသူ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် ဘုမ္မာလမ်းအမှတ်(၁၂၄၉)၌ နေထိုင်သူ စိုးမြင့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

အမှုဖွင့်အရေးယူ

တရားခံ စိုးမြင့်သည် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ကုလားနှင့် ချယ်ရီဦးတို့အားလည်းကောင်း၊ ဧပြီလတွင် ဇရာဝတီတိုင်းမှ ခင်ရီရီထွန်း၊ အေးအေးဝင်း၊ စာကလေးနှင့် မောင်သိန်းတို့အားလည်းကောင်း တစ်ဖက်နိုင်ငံသို့ အခကြေးငွေဖြင့် ပို့ဆောင်ခဲ့ဖူးကြောင်း စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး တရားခံစိုးမြင့်အား သက်ဆိုင်ရာက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဗုဒ္ဓဂယာမြန်မာကျောင်း တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်ငွေလှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဈေးလမ်းမှ ဦးသောင်းရွှေ-ဒေါ်ကျင်တုပ်က အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)နှင့် အမှုဆောင်ဆရာတော် ဓမ္မာစရိယ B.A အရှင်ကောသလ္လ(မြန်အောင်)ထံ ဇွန် ၂၄ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး (၁၀၁)လမ်းမှ ဦးကြည်ဝင်း-ဒေါ်ခင်အေးရီက အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဓမ္မာစရိယ B.Aအရှင်ကောသလ္လ(မြန်အောင်)ထံ ဇွန် ၂၄ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အကျဉ်းဦးစီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲကို အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၀ရက်က ကျင်းပရာ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး၊ အလှူရှင်များက အလှူငွေကျပ် ၁၅သိန်းလှူဒါန်းစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်လင်ခရိုင် ပြန်/ဆက်ရုံး ကြည့်ရှုစစ်ဆေး ပြည်သူများအား အသိပညာပေးလုပ်ငန်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ရေး မှာကြား

နေပြည်တော် ဇူလိုင် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇူလိုင် ၁၅ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ရှိ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ရောက်ရှိ၍ ပညာအလင်း ခေတ်မီစာကြည့်တိုက်၊ သင်တန်းခန်းမ၊ ရုံးအဆောက်အအုံနှင့် ပြည်သူများအတွက် အသိပညာပေး မြေစိုက်နံရံကပ်စာစောင် ဆိုင်းဘုတ်တို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး၊ ရုံးတွင်း ရုံးပတ်ဝန်းကျင် သန့်ရှင်းရေး၊ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်အတူ ဇူလိုင် ၁၄ရက် ညနေပိုင်းတွင် လွိုင်လင်မြို့ရှိ ရတနာစည်ကျောင်းတိုက်သို့ သွားရောက်၍ မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာစည်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လွိုင်လင်မြို့ ရတနာစည်ကျောင်းတိုက်တွင် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ရတနာစည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တသီလာနန္ဒထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နန့်ဝမ်း သံဘေလီတံတားအား ပြန်လည်ပြင်ဆင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ ရန်ကုန်–မုတ္တမ ရထားလမ်းပိုင်းတွင် ရထားများပုံမှန်သွားလာနိုင်ပြီ

ရန်ကုန် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ကျိုင်းလပ်–တာလေလမ်း မိုင်တိုင်အမှတ်(၂၅/၄) ရှိ နန့်ဝမ်းသံဘေလီတံတားသည် မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျချောင်းရေ စီးအားကြောင့် ဇူလိုင် ၁၉ ရက် နံနက် ၉နာရီခွဲတွင် မျောပါသွားခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံး ပြန်လည်ပြင်ဆင်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြန်လည်သွားလာနိုင်

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သိမ်ဇရပ်ကျေးရွာ သိမ်ဇရပ်ဘူတာနှင့် သိမ်ဇရပ်တံတားအကြားရှိ မိုင်တိုင်အမှတ် (၇၇/၁၄)နှင့်(၇၇/၂၂) အကြား ရထားလမ်း ရေကျော်လျက်ရှိသဖြင့် ဇူလိုင် ၁၉ရက် ညနေ ၅နာရီတွင် ရထားလမ်းပိုင်းကို ခေတ္တပိတ်ထားခဲ့ပြီး မုတ္တမမှလာသော အမှတ်(၉၀) အစုန်ရထားကို သိမ်ဇရပ်ဘူတာ၌ ရပ်တန့်ထားခဲ့ရကြောင်း၊ သို့ရာတွင် ည ၁၀နာရီခွဲ၌ ရေကျ၍ ရထားဖြတ်သန်းနိုင်ပြီဖြစ်သဖြင့် ရထားလမ်းပိုင်းကို ပြန်လည် ဖွင့်လှစ်ပေးခဲ့ပြီး ရထားများ ပုံမှန်အတိုင်း ပြန်လည်ခုတ်မောင်းသွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁–၇–၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	သံဓာတ်အားတွေဖြည့်ဆည်းပေး ဆေးတောင့်နီနီလေး
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	Myanmar Video Rhythm
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	အောင်မြင်ကျော်ကြား စီးပွားရေးစွမ်းဆောင်ရှင်များ (ကာတီးယားစိန်တိုက် ဦးအောင်ငွေး)
၈:၄၅	တေးဂီတအစီအစဉ်
၈:၅၀	မိုးလေဝသခန့်မှန်းချက်
၈:၅၅	သွန်းလောင်းသံနည်းပညာ
၉:၁၀	တေးဂီတအစီအစဉ်
၉:၁၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၂၀	သူတို့ပြောတဲ့သူတို့အကြောင်းကာတွန်းပညာရှင်များနှင့်တွေ့ဆုံခြင်း (ကာတွန်းသစ်ထွဏ်း)
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	မြန်မာ့လက်မှုယွန်းအနုပညာ
၁၀:၀၅	လောင်စာစွမ်းအင်အတွက် အားထားရမည့် ခြိစည်းရိုးကြက်ဆူပင်များ
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၅	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ချောစုခင်နှင့် သူ၏အနုပညာခရီးလမ်း)
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	စိုက်ပျိုးဖို့လွယ်ကူစေမှာကောက်ရိုးမှိုပါ
၁၁:၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀	တေးဂီတအစီအစဉ်
၁၁:၃၅	ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာရှင်များ (စိုင်းဘုန်းထူး)
၁၁:၅၀	အလျော်အစား (ဇင်ဝိုင်း၊ ခင်လေးနွယ်၊ ငွေစင်သွန်း)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဘဒ္ဒန္တ ဝေပုလ္လမထေရ်မြတ် ဝိဇာတအလှူမင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဝေပုလ္လာရာမကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာ သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လမထေရ်မြတ်၏ သက်တော်(၆၃)နှစ်ပြည့် မွေးနေ့ဝိဇာတ အလှူတော် မင်္ဂလာနှင့် (၇၉)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၅ နာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဆရာတော်ကြီး၏ တပည့်ဒါယကာ၊ ဒါယိကာမများ မွေးနေ့ဝိဇာတ အလှူတော်မင်္ဂလာပွဲနှင့် သိက္ခာထပ် အလှူတော်မင်္ဂလာပွဲသို့ တက်ရောက်ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

လန်ဒန်မြို့ မိုးကုတ် ဝိပဿနာ ရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ ရန်ကုန်မြို့ အောင်မင်းခေါင်(၁)လမ်း၊ ဝင်ဒါမီယာနေ ဦးရဲထွန်း၊ ဒေါ်မို့မို့အေးကျော်မိသားစုက ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယ နိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောင်အတွက် ဇူလိုင် ၁၆ရက်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်ရပ် အနီဃာလမ်းနေ ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ မေသန်းနုက အမေရိကန်ဒေါ်လာ ၁၀၀ လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်လှလှနွယ်က လက်ခံရယူပြီး အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒက ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (က–ပ)

ရန်ကုန်တိုင်း ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ အထက(၁)ကျောင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသက် ဦးဆောင်ကာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ဇူလိုင် ၇ရက်တွင် မြို့မ ဇေယျဝတီကျောင်းတိုက်မှ ဆရာတော် ဦးပညာဝံသ အမှူးထားသည့် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူစဉ်။ (ပညာရေး)

ဆုတောင်းပြည့်ကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဆုတောင်းပြည့်ကျောင်းတိုက်၏ (၅၉)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲခမ်းအနားကို ဇူလိုင် ၁၆ရက်က ယင်းကျောင်းတိုက်၌ကျင်းပရာ ဆုတောင်းပြည့်ကျောင်းတိုက် ပဓာန မဟာနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သုမနာနန္ဒထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တောင်ရေ ရေလှောင်တမံ ရေပေးမြောင်းဥမင်နှင့် ရေပို့လွှတ်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

❍ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တောင်ရေရေလှောင်တမံ ရေပေးမြောင်းဥမင်နှင့် ရေပို့လွှတ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြကာ ကျောက်ပန်းတောင်း-ချောက်ကားလမ်း မိုင်တိုင်အမှတ်(၄၀၁/၆) အနီးရှိ ချောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၏ ခြံစည်းရိုးကြက်ဆူ သုံးဧကစိုက်ခင်းသို့ ရောက်ရှိကြပြီး ချောက်မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များစုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ အား ပေါင်းသင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုင်တိုင်အမှတ်(၄၀၂/၇)အနီး မိုလာကျေးရွာနှင့် အေးရွာကျေးရွာအကြား၌ ချောက်မြို့နယ် သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဧက ၁၅၀ စိုက်ခင်းအမှတ်(၁/၂၀၀၆)သို့ ရောက်ရှိကြပြီး စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးသည်။

အနော်ရထာတံတား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ချောက်မြို့နှင့် ဆိပ်ဖြူမြို့တို့ကို ဆက်သွယ်ပေးထားသော ဧရာဝတီမြစ်ကူး အနော်ရထာတံတားသို့ရောက်ရှိကြ၍ တံတားကြီး၏ကြံ့ခိုင်မှု၊ ဧရာဝတီမြစ်၏ရေစီးရေလာအခြေအနေနှင့်တံတားအား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (အထက်မြန်မာပြည်) ဒုတိယအင်ဂျင်နီယာချုပ် ဦးကြူးဟင်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆိပ်ဖြူ-ကန်တော်-ပေါက်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မိုင်တိုင်အမှတ်(၃/၂)အနီး၌ သစ်တောဦးစီးဌာန၏ ခြံစည်းရိုးကြက်ဆူဧက ၁၀၀ စိုက်ခင်းအမှတ်(၆/၂၀၀၆)သို့ ရောက်ရှိကြပြီး ခြံစည်းရိုးကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင် ရှင်သန်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ပခုက္ကူခရိုင် ပေါက်မြို့နယ် နံ့သာကျေးရွာအုပ်စု အင်ပင်တိုင်းကျေးရွာ ယာယီရှင်းလင်းဆောင်၌ ပေါက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က ဝါးတောချောင်းမှ ကိုယ့်အားကိုယ်ကိုး ချောင်းရေသောက်စိုက်ကွင်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ချောင်းရေမခန်းခြောက်စေရန် သစ်ပင်များ စနစ်တကျစိုက်ပျိုးထားရှိရေး၊ ချောင်းရေသောက်စနစ်ဖြင့် စပါးစိုက်ပျိုးမှုကို ရေရှည်ဆက်လက်ဆောင်ရွက်သွားရေးနှင့် ချောင်းရေကို မြောင်းဖြင့်သွယ်ယူ၍ စပါးစိုက်ပျိုးမှုကို ဆက်လက်တိုးချဲ့ဆောင်ရွက်ကြရေး မှာကြားသည်။ အဆိုပါဒေသ၌ ယခင်က စပါးစိုက်ဧက ၄၁ ဒသမ ၈၄ သာ ရှိခဲ့ရာမှ ဂါးဟောစမ်းချောင်းရေကို မြောင်းသွယ်၍ စပါးတိုးချဲ့စိုက်ပျိုးခဲ့ရာ ယခုအခါ စပါးစိုက်ဧက ၇၄ ဒသမ ၅၄ အထိ တိုးတက်လာပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အမှတ်(၁) ပေါက်တံတား(အုန်းတော)သို့ ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အမှတ်(၁) ပေါက်တံတား (အုန်းတော)၏ ကြံ့ခိုင်မှု၊ ယောချောင်း၏ ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် အမှတ်(၁) ပေါက်တံတား(အုန်းတော) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အမှုဆောင်အင်ဂျင်နီယာ ဦးသီလှက ယခင်က ဘေလီတံတားပေ ၄၈၀၊ သစ်သားတံတား ပေ ၄၈၀ နှင့် မြေကြီးချဉ်းကပ်လမ်း ပေ ၈၈၀ စုစုပေါင်း ပေ ၁၈၄၀ သာရှိခဲ့ရာမှ ယခုတံတားသစ်တွင် ဘေလီသံဘောင်တံတား အရှည်ပေ ၁၃၈၀ နှင့် မြေကြီးချဉ်းကပ်လမ်းပေ ၅၂၀ စုစုပေါင်း ပေ ၁၉၀၀ အထိ တည်ဆောက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားအား ရေရှည်တည်တံ့အောင် လိုအပ်သော ထိန်းသိမ်းမှုလုပ်ငန်းများကို စီမံဆောင်ရွက်ထားရှိရေး၊ ဒေသခံပြည်သူများကလည်း တံတားကို ပိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းကြရေး မှာကြားသည်။

အဆိုပါ အမှတ်(၁) ပေါက်တံတား(အုန်းတော)သည် မကွေးတိုင်း ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်း ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါ လမ်းပေါ်တွင် တည်ရှိပြီး ယောချောင်းပေါ်တွင် အပေါ်ထည်တစ်လွှာတစ်ထပ် ဘေလီတံတားနှင့် သစ်သားကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်ပိုင်တိုင်အမျိုးအစားတံတားဖြစ်သည်။ တံတား၏အရှည်မှာ ပေ ၁၃၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၂ ပေ၊ ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၅၅ပေနှင့် အမြင့် ငါးပေရှိသည်။ တံတား၏ ခွင့်ပြုအလေးချိန်မှာ ၁၃ တန်ဖြစ်ပြီး တံတားတစ်ခုလုံးကို ၂၀၀၆ခုနှစ် ဇွန်လကုန်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

စပါးစုပေါင်းရိတ်သိမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မကွေးတိုင်း ကျောက်ထုမြို့အဝင်ရှိ ဒေသခံ တောင်သူလယ်သမား ဦးထွန်းကြိန်၏ ရွှေမြန်မာ စပါးတစ်ဧကခွဲစိုက်ခင်း၌ တောင်သူများ စပါးစုပေါင်း ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စပါးသီးနှံအထွက်တိုးရေး၊ လယ်တွန်းထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များအသုံးပြုရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ကျောက်ထုမြို့မှ မော်တော်ယာဉ်များဖြင့် ချင်းပြည်နယ် မင်းတပ်မြို့သို့ ဆက်လက်ထွက်ခွာကာ ကျောက်ထု-မင်းတပ်လမ်းတစ်လျှောက်ရှိ မိုးစပါးစိုက်ခင်းများ၊ ဒေသဖွံ့ဖြိုးမှုအခြေအနေ၊ စိမ်းလန်းစိုပြည်မှုအခြေအနေ၊ လမ်းပိုင်းအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မင်းတပ်မြို့သို့ ရောက်ရှိကြသည်။(သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ မရမ်းကုန်းမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်မှုကို လှည့်လည် ကြည့်ရှုစဉ်။ (၁၉)

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်မှုကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်၌ ပြုလုပ်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းအား မရမ်းကုန်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ တာဝန်ရှိသူများက မရမ်းကုန်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၀)ရပ်ကွက်နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအလိုက် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ကုသခြင်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးတို့က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးကြသည်။ ထိုမှတစ်ဆင့် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာလမ်းသွယ် (၁)လမ်းနှင့် (၂)လမ်းတို့၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းတို့ကို လိုက်လံကြည့်ရှုကြ၍ ရပ်ကွက်နေ ပြည်သူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးကာ အမှတ်(၄)ရပ်ကွက် အောင်မင်္ဂလာလမ်းရှိ အောင်မင်္ဂလာဓမ္မာရုံ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သိသင့်သည့် အချက်အလက်များ ဟောပြောပို့ချနေမှုအခြေအနေများကို သွားရောက်ကြည့်ရှု အားပေးကြသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်မှုများကို သာကေတမြို့နယ်၊ အလုံမြို့နယ်၊ အင်းစိန်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် တာမွေမြို့နယ်တို့၌လည်း ယနေ့နံနက်ပိုင်းတွင် တစ်ပြိုင်တည်း ပြုလုပ်ကြသည်။ (၁၉)

❖ လေစွမ်းအင်မှ

သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။ ယင်းလေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းသည် ကမ္ဘာ့တောင်ခြမ်းတွင် ပထမဦးဆုံး တည်ဆောက်သည့် လေအားလျှပ်စစ်လုပ်ငန်းပင်ဖြစ်ကြောင်း အက်စီယွန်နာကုမ္ပဏီ၏ အုပ်ချုပ်မှုဒါရိုက်တာ ဘရက်သိုမတ်စ်က ပြောကြားသည်။

ထိုလေရဟတ်လျှပ်စစ်ထုတ်စက်များကြောင့် နှစ်စဉ် ဖန်လုံအိမ်အာနိသင်ရှိသော ဓာတ်ငွေ့ထုတ်လွှတ်မှုတန် ၇၅၀၀၀၀ သက်သာသွားစေမည်ဖြစ်ကြောင်း သိရသည်။

ဂူဘရာအရပ်မှ လယ်သမားလောရင့်ဂါလ်လာဂါက ၎င်းပိုင်မြေပေါ်၌ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးမည့် လေရဟတ်ခြောက်ခု တည်ဆောက်ခွင့်ပြုရန် ရည်ရွယ်ထားသည်ဟု ပြောကြားသည်။

လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးရဟတ်များ တည်ဆောက်မည်ဆိုသောသတင်းများ ထွက်ပေါ်စဉ်က ထိုစီမံချက်ကြောင့် မိမိတို့မြေများ ဈေးကျသွားမည်ကို လယ်သမားများပူပန်ခဲ့သည်။ သို့ရာတွင် ယခုအခါ မြေများဈေးမကျဘဲ ဈေးတက်လာသည့်အဖြစ်နှင့် တွေ့ကြုံရကြောင်း ဂါလ်လာဂါက ဆက်လက်ပြောကြားသည်။ **အင်တာနက်။**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစု၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်းရှိဝန်ကြီးဌာန ဓမ္မာရုံ၌ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ တက်ရောက် ကြည်ညိုကြပြီး ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ပရိတ်တရားတော်နာယူ

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်က အနုမောဒနာတရားနှင့် ရေစက်ချတရား ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန မိသားစု၏ (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်တို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ဟိုတယ်/ခရီး)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၀

ဇေယျဝတီ ဆရာတော် ဘဒ္ဒန္တ သောဘန (ဓမ္မာစရိယ B.A) သည် ဝါကပ် သီတင်းသုံးလျက် ဆောက်လုပ်လျက်ရှိသော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အဝင်မုခ်ဦးနှင့် မဟာရံတံတိုင်းအတွက် နှစ်ဖက်မိဘများအား ရည်စူး၍ ဦးမြင့်မောင်–ဒေါ်မြမြ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပက ကျပ်ငါးသောင်း၊ နှစ်ဖက်သောမိဘများ ဦးထိပ်ထား၍ ကိုညီညီအောင်–မစန္ဒာဝင်း သမီး မပန်းမှုံဖူး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပက ကျပ်ငါးသောင်း၊ ဒေါက်တာစိန်လွင် (စိတ်ကျန်းမာရေးဆေးရုံကြီး) ဒေါ်ခင်မမနွယ်မိသားစုက ကျပ်တစ်သိန်း၊ ဒေါ်ဟန်ကြည်မိသားစု သုခမြိုင်အိမ်ရာ လှိုင်မြို့နယ်က ကျပ်ငါးသောင်း၊ နှစ်ဖက်သောမိဘနှင့်တကွ ခင်ပွန်းဆရာပြုံးတို့အား ရည်စူး၍ ဇနီး ဒေါ်သန်းသန်းနှင့် တပည့် ခုနစ်ရက်သားသမီးများ၊ ရန်ကုန်မြို့ လသာမြို့နယ် လမ်း ၂၀ မှ ကျပ်ငါးသောင်း လှူဒါန်းကြသည်။ လှူဒါန်းလိုက ဆရာတော် ဖုန်း–၀၉–၅၁၃၇၀၈၆၊ ဦးတင့်လွင် ဖုန်း–၀၉–၅၀၀၄၅၅၂၊ ဦးဌေးမြင့် ၆၆၁၃၄၄၊ ဦးကျော်မင်း ဖုန်း–၆၆၁၅၅၃၊ ဦးမြင့်မောင် ဖုန်း–၇၂၆၅၀၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

အီတလီနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးသန်းထွန်းအား ပေါ်တူဂီ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် အီတလီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသန်းထွန်းအား ပေါ်တူဂီသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ (သတင်းစဉ်)

ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၀

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့် အသင်းမှ အသင်းကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ကပ်လှူပွဲနှင့် အသင်းကြီး၏ (၁၄)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၃ရက် နံနက် ၈နာရီ၌ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အထက်ထပ်တွင် ကျင်းပမည်ဖြစ်၍ အလှူရှင်များနှင့် အသင်းသား၊ အသင်းသူများ ကြွရောက်ကြည်ညို ကုသိုလ်ယူကြရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က–ပ)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ Consultation Mission မှ အဖွဲ့ ခေါင်းဆောင် Mr.Leslie Teo Eng Sipp နှင့် အဖွဲ့သည် ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းသို့ လာရောက် တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးနှင့်အတူ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးတိုင်း ထုံးကြီးရွာ ဈေးပိုင်းနေ ကွယ်လွန်သူ ဦးချုရန်အား ရည်စူး၍ ဒေါ်ကျင်ရီနှင့် သား သမီး မြေးတစ်စုတို့က ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေး အပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား စီးပွား/ ကူးသန်းနှင့် ဘဏ္ဍာ/အခွန် ဗိုလ်လုမည်

ရန်ကုန် ဇူလိုင် ၂၀

၂၀၀၆–၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်းကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အဆင့်မြင့်တန်း ထိပ်သီးနှစ်သင်းဖြစ်သည့် စီးပွား/ကူးသန်းနှင့် ဘဏ္ဍာ/အခွန် အသင်းတို့သည် ဇူလိုင် ၂၂ရက် ညနေ ၃ နာရီတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စီးပွား/ကူးသန်း အသင်းသည် (က)အုပ်စုတွင် ပါဝင်ခဲ့ပြီး သစ်တောရေးရာကို နှစ်ဂိုး–ဂိုးမရှိ၊ လယ်/ဆည်အသင်းကို တစ်ဂိုး–ဂိုးမရှိတို့ဖြင့် နိုင်ပြီး မြန်မာ့မီးရထားကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးကာ ခြောက်မှတ် ရရှိခဲ့သည်။ သစ်တောရေးရာ၊ မြန်မာ့မီးရထားအသင်းတို့နှင့် ရမှတ်ချင်းတူသော်လည်း ဂိုးကွာခြားချက်ဖြင့် အုပ်စုပထမ ရရှိခဲ့သည်။ ကွာတားဖိုင်နယ်တွင် တန်းတက်အသင်းဖြစ်သည့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အကြိုဗိုလ်လုပွဲတွင်လည်း ခြေစွမ်းပြနေသည့် ပို့ဆောင်ရေးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရကာ ဗိုလ်လုပွဲသို့ တက်ခဲ့ခြင်း ဖြစ်သည်။

ဘဏ္ဍာ/အခွန် အသင်းသည် (ခ)အုပ်စုတွင် ပါဝင်ခဲ့ပြီး ဆောက်လုပ်ရေးကို နှစ်ဂိုး–တစ်ဂိုး၊ ပို့ဆောင်ရေးကို ငါးဂိုး–လေးဂိုးတို့ဖြင့် အနိုင်ရရှိကာ အုပ်စုဗိုလ်ဖြင့် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင် သစ်တောရေးရာကို လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် မြို့တော်စည်ပင်အသင်းကို လေးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ခဲ့ခြင်းဖြစ်သည်။ (ကြေးမုံ)

● တရုတ်ဘာသာစကားမှ

အပြန်အလှန်ပေးပို့နိုင်သည့် လေ့ကျင့်ခန်းများနှင့် ဘာသာရပ်သင်ဆရာများအတွက် အကြံပြုချက်များပါရှိသည်။ ၎င်းအပြင် ဓာတ်ပုံများနှင့် သရုပ်ဖော်ပုံများဖြင့်လည်း လေ့လာသင်ယူနိုင်ရန် စီစဉ်ပေးထားသည်။

ပို့ချပေးသော သင်ခန်းစာများအတွက် လေ့ကျင့်ခန်းများ ပြုလုပ်ရာတွင် တရုတ်လူမျိုးတို့၏ ယဉ်ကျေးမှု၊ ဒဏ္ဍာရီပုံပြင်များနှင့် သမိုင်းကြောင်းတို့နှင့် ဆက်နွှယ်နေသော အကြောင်းရပ်များနှင့် ထိတွေ့နိုင်စေရန် စီစဉ်ထားသည်။

တရုတ်ဘာသာစကားကို သင်ကြားပို့ချပေးမည့် အင်တာနက် ဝက်ဘ်ဆိုက်များအနက် တရုတ်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားတို့ကို ယှဉ်တွဲအသုံးပြုသည့် ဝက်ဘ်ဆိုက်မှာ တစ်ခုတည်းသာ ရှိသေးကြောင်း၊ သို့ရာတွင် ဂျပန်ဘာသာစကားနှင့် ကိုရီးယားဘာသာစကားတို့ကို အသုံးပြု၍ လေ့လာလိုသူများအတွက် အင်တာနက် ဝက်ဘ်ဆိုက်သစ်များ ထပ်မံဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် တရုတ်ဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် လေ့လာသူဦးရေမှာ သန်း ၃၀ ကျော်ရှိကြောင်း၊ နိုင်ငံပေါင်း ၁၀၀ ရှိ တက္ကသိုလ်ပေါင်း ၂၅၀၀ ကျော်တွင် တရုတ် ဘာသာစကားဆိုင်ရာ သင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း တရုတ်ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။ **အင်တာနက်**

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင် ၁၆ ရက်က ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာမများ၊ ကျောင်းသူများ စုပေါင်းစိုက်ပျိုးဆောင်ရွက်ကြစဉ်။ (ပညာရေး)



မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁–၇–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ဆွာချောင်းရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (ရူပဗေဒ၊ဓာတုဗေဒ၊ သင်္ချာအထူးပြုများ)(ရူပဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၂၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၃၅ ၈။ မြန်မာစာ၊မြန်မာစကား
၅:၄၅ ၉။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ဆုပန်ထွာ၊ နန်းကလျာလှိုင်) [ဒါရိုက်တာ–စောစန္ဒာလှိုင်]**
၅:၅၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်" (အပိုင်း–၈)**
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသံစဉ်" (အပိုင်း–၄)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

Tourism Training Program for Front-Liners သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ASEAN- Japan Centre တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Tourism Training Program for Front-Liners သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဒူးစစ်အင်းလျားကန်ဟိုတယ်၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ASEAN- Japan Centre တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် Tourism Training Program for Front-Liners သင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် အမှာစကားပြောကြားစဉ်။ (ဟိုတယ်/ခရီး)

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိန်း၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခင်ဇော်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ASEAN- JapanCentre, Tourism Divisionမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုသင်တန်းသည် မြန်မာ-ဂျပန် ချစ်ကြည်ရင်းနှီးမှုကို ပြသခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ ဂျပန်နိုင်ငံမှ ကမ္ဘာ့လှည့်ခရီးသည်များ ပိုမိုဝင်ရောက်ရေး အထောက်အကူပြုကြောင်း၊ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် ကြိုးစားသင်ကြားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ASEAN-Japan Centre မှ Asst. Director Mr. Joukei-Fuchigamiက အမှာစကားပြောကြားပြီး နည်းပြများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က သင်တန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

အဆိုပါ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းသို့ ဝန်ကြီးဌာနနှင့် ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များမှ သင်တန်းသား ၆၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၁၀ ရက်က ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်တွင် ဝါဆိုတော်မူကြမည့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တတေဇောဘာသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)အမှူးရှိသော စာချစာသင်အရှင်သူမြတ် ၃၀၆ ပါးတို့အား တပည့် ဒါယကာ၊ ဒါယိကာမတို့က စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် ၁၆၅ လမ်းတိုနေ ဦးလှမင်း(ခ) ဦးတင့်လွင်-ဒေါ်နီနီခိုင်၊ သားမောင်အောင်သူရိန်မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင်ဦးတင်မြင့်ဦးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတစ်ဖက် ပိတ်ဆည်အမှတ် (၂၉)၌ ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်း အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း ငါးမျိုးများ စိုက်ထည့်ပေးစဉ်။ (မွေး/ရေ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သစ်ပင်စိုက်ပျိုး၊ ငါးမျိုးစိုက်ထည့်

နေပြည်တော် ဇူလိုင် ၂၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၆ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးရုံးအနီးတစ်ဝိုက်တွင် ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း တက်ရောက်၍ ဗန္ဓုရသရက်ပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက စိန်တစ်လုံးသရက်ပင်များ စိုက်ပျိုးပေးပြီး၊ ဝန်ထမ်းများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြသည်။

ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန တစ်ဖက်ပိတ်ဆည် အမှတ်(၂၉)တွင် ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်းအခမ်းအနားကို ကျင်းပရာ ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးသည်။

မျိုးစိုက်ပြုစု

ငါးသားပေါက်များ မျိုးစိုက်ပြုစုခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ်နှင့် တာဝန်ရှိသူများက ငါးခုံးမ၊ ငါးမြစ်ချင်း၊ မြက်စားငါးကြင်း၊ တီလားပီးယား၊ ငွေရောင်ငါးကြင်းစသည့် ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကျော်ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီးဒေါက်တာချမ်းငြိမ်း တောင်ငူတက္ကသိုလ်နှင့် ပညာရေးကောလိပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၀

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဇူလိုင် ၁၇ရက် နံနက် ၉ နာရီခွဲတွင် တောင်ငူပညာရေးကောလိပ် ဧည့်ခန်းမဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ငူပညာရေးကောလိပ် တာဝန်ခံ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းမြင့်နှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံရာ ရှေးဦးစွာ တာဝန်ခံကျောင်းအုပ်ကြီးက တောင်ငူပညာရေးကောလိပ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဆိုင်ရာများကို ဆွေးနွေးမှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သိပ္ပံလက်တွေ့ခန်းများ၊ ကွန်ပျူတာခန်း၊ Language Labများတွင် သင်တန်းသူများ၏ လက်တွေ့လေ့လာ သင်ယူနေမှုကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသူများအား အားပေးစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် တောင်ငူပညာရေး ကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည်တောင်ငူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး နတ်သျှင်နောင်ခန်းမ၌ တောင်ငူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ အထက်တန်းပြဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ သင်ကြားစီမံကိန်းများနှင့် စပ်လျဉ်း၍ မှာကြားပြီး သိပ္ပံလက်တွေ့ခန်းများ၊ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် Language Lab များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်ငူတက္ကသိုလ်သို့ ရောက်ရှိပြီး မာလ်တီမီဒီယာခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ပါမောက္ခချုပ် ဦးကျော်ရဲထွန်း၏ တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြချက် အပေါ် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများက ဘာသာရပ်အလိုက် သင်ကြားပို့ချမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြန်လည် ဆွေးနွေးမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး Computer Training Centre, Language Lab, Resource Centre, e-Learning Centre နှင့် သိပ္ပံလက်တွေ့ခန်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ ကျန်းမာရွှင်လန်းယောဂအစွမ်း
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာသည်သာ" (အပိုင်း-၃၇)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ **အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ စည်းကမ်းလဲကျ စာလဲတတ်စေ**
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း-၁၈)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ ၂၃၀ ကေဗွီ ပျဉ်းမနားဓာတ်အားခွဲရုံသို့ ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိလာရာ ဓာတ်အားခွဲရုံ ရှင်းလင်းခန်းမ၌ ဓာတ်အားခွဲရုံမှူး ဦးစိုးဝင်းက မဟာဓာတ်အားလိုင်းစနစ်မှရရှိသော လျှပ်စစ်ဓာတ်အားကို ပျဉ်းမနားမြို့နယ်နှင့် နေပြည်တော်ဒေသသို့ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်အောင်နှင့် ဒုတိယအင်ဂျင်နီယာချုပ် ဦးအောင်ခိုင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဝန်ကြီးက ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။ ဝန်ကြီးသည် ဓာတ်အားထိန်းချုပ်ခန်းမနှင့် ၂၃၀ ကေဗွီ၊ ၃၃ ကေဗွီ၊ ၁၁ ကေဗွီ ဓာတ်အား ဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သတင်းစာတိုက်သို့ ၃၃ ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားပေးထားမှုနှင့် ဓာတ်အားခွဲရုံ တည်ဆောက်မှု လုပ်ငန်းများကို ကြည့်ရှုပြီး နေပြည်တော် သတင်းစာတိုက်အတွင်း ပုံနှိပ်ထုတ်ဝေဆောင်ရွက်နေသည်များကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် တပ်ကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိလာရာ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာက တပ်ကုန်းနှင့် အနီးတစ်ဝိုက်သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက မှာကြားရာတွင် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှု မရှိအောင်၊ မသမာသောနည်းလမ်းများဖြင့် ခိုးယူမှုများ ပပျောက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေး ဝန်ထမ်းများအနေဖြင့် မီတာဖတ်ခြင်း၊ ငွေကောက်ခံခြင်းတာဝန်များကို ညွှန်ကြားချက်များနှင့်အညီ မှန်မှန်ကန်ကန် တိတိကျကျ ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများကလည်း ပံ့ပိုးကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရုပ်သံလွှင့်စက်ရုံ (နေပြည်တော်)သို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အင်ဂျင်နီယာချုပ်နှင့် စီမံကိန်းလုပ်ငန်း တာဝန်ရှိသူများက ရှင်းလင်းခန်းမ၌ ဝန်ကြီးအား စီမံကိန်းတည်နေရာနှင့် လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။ ဝန်ကြီးက အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ရုပ်သံလွှင့်စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးမည့် အစီအစဉ်ကို ရှင်းလင်းပြောကြားပြီး တည်ဆောက်ပြီးစီးနေသော ရုပ်သံလွှင့် ဓာတ်အားခွဲရုံသို့ ဓာတ်အားပို့လွှတ်မည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် တည်ဆောက်လျက်ရှိသော ၃၃ကေဗွီ ဓာတ်အားခွဲရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)က ကျန်းမာရေးပညာပေးဟောပြောပွဲကို မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ကျန်းမာရေးပညာပေး ဟောပြောစဉ်။ (မိခင်/ကလေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြနှင့် ကျန်းမာရေးပညာပေးအဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ကျောင်းကျန်းမာရေး ပညာပေး ဟောပြောပွဲကျင်းပရခြင်း အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အကြိုဆန်းစစ်ခြင်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာခင်မြဝင်းနှင့် ဒေါက်တာသန်းဦးတို့က ကျန်းမာရေး ပညာပေးဟောပြောခြင်းနှင့် အပြီးသတ်ဆန်းစစ်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ကြကာ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဗဟိုအလုပ်အမှုဆောင် ဒေါ်တင်တင်မြက ဆုများချီးမြှင့်၍ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက ကျေးဇူးတင်စကား ပြောကြားကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ဗန်တိုအတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ပထမအကြိမ် ဗန်တို အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက် ကြည့်ရှုအားပေးကြပြီး ဆုများကို ချီးမြှင့်ကြသည်။

ရှေးဦးစွာ အမျိုးသား၊ အမျိုးသမီး အတန်းလိုက်ဗိုလ်လုပွဲ ပွဲစဉ်များကို ကျင်းပသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ပြိုင်ပွဲ၏ အတန်းလိုက် ပြိုင်ပွဲများတွင် ဆုရရှိသူများအား မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် နာယက ဒေါ်သက်သက်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟို လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရဲမှူး ဆန်းရှိန်၊အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးမောင်ဝင်းနှင့် ဦးဉာဏ်ထွန်းတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန်က စုစုပေါင်း ၁၅မှတ်ဖြင့် ပထမရရှိသော ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုကိုလည်းကောင်း၊ စုစုပေါင်း ၁၂မှတ်ဖြင့် ဒုတိယဆုရရှိသော ပြည်ထဲရေးအသင်းနှင့် စုစုပေါင်း ၁၁ မှတ်ဖြင့် တတိယရရှိသော ပတ္တမြားရွှေကြာအသင်းတို့အား ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်လိုက်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သန်းဟန် ကာကွယ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆု ချီးမြှင့်စဉ်။

(အား/ကာ)

မူးယစ်ဆန့်ကျင်အောင်ပွဲဆင်

မုတ်သုံလေအား ကောင်းမည်

၂၀၀၆ခုနှစ် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ဖျာပုံမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၀၁ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ ဒသမ ၄၈ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၄၁ လက်မ၊ ပဲခူးမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် ပျဉ်းမနားမြို့တွင် ၀ ဒသမ ၆၃ လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇူလိုင် ၂၁ရက် ညနေအထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီဖာရင်ဟိုက်) **၁၉-၇-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၆ ဒီဂရီဖာရင်ဟိုက်) **၂၀-၇-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း **၂၀-၇-၂၀၀၆**

နေပူသည့်နာရီပေါင်း ၀ ဒသမ ၄ နာရီခန့် **၁၉-၇-၂၀၀၆**

မိုးရေချိန်

	ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၀-၇-၂၀၀၆		၁ဒသမ ၆၉လက်မ	၂ဒသမ ၄၈လက်မ	၁ဒသမ၁၄လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ		၄၇ဒသမ ၉၅လက်မ	၅၇ဒသမ ၆၄လက်မ	၆၂ဒသမ ၄၈လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၇-၂၀၀၆ရက် ၁၈း၃၀ နာရီအချိန်တွင် အရှေ့တောင်ဘက်မှ တစ်နာရီ ၁၀မိုင်နှုန်း တိုက်ခတ်သည်။



ပြည်ပအားကစားသတင်းများ

တောင်အာဖရိက ဘောလုံးအသင်းအတွက် ပရဲယားအား နည်းပြအဖြစ် ငှားရမ်းဖွယ်

ဂျိုဟန်နက်စဘတ် ဇူလိုင် ၂၀

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည့် တောင်အာဖရိကနိုင်ငံ လက်ရွေးစင် ဘောလုံးအသင်း၏ နည်းပြအဖြစ် ဘရာဇီးလူမျိုး ဘောလုံးနည်းပြ ကာလို့စ်အယ်လ်ဘာတို ပရဲယားအား ငှားရမ်းရန် အလွန်နီးစပ်နေပြီဖြစ်ကြောင်း ဇူလိုင် ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ပရဲယားသည် ဂျာမနီနိုင်ငံတွင် မကြာသေးမီက ကျင်းပပြီးစီးသွားသော ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ဘရာဇီးအသင်း၏ နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။

နှစ်သက်လိုလား

တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်သည် လက်ရွေးစင် အသင်းအတွက် နည်းပြ ရွေးချယ်ရန်ရှိကြောင်း၊ တောင်အာဖရိက လက်ရွေးစင်အသင်း၏ နည်းပြရာထူးအတွက် အမည် စာရင်းတင်သွင်းထားသူများအနက် တောင်အာဖရိက ဘောလုံးအဖွဲ့ချုပ်က ပရဲယားကို နှစ်သက်လိုလားမှုရှိကြောင်း ဆန်းဒေးတိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

တောင်အာဖရိက လက်ရွေးစင်အသင်းအတွက် နည်းပြအဖြစ် တာဝန်ယူရန် ပရဲယားရွေးချယ်ခံရမည်ဆိုပါက ၎င်းသည် ၂၀၁၀ ပြည့်နှစ်အထိ တောင်အာဖရိကအသင်းကို လေ့ကျင့်ပေးရမည်ဖြစ်ပြီး နည်းပြအဖြစ် လုပ်ကိုင်ခြင်းမှ ရန်းငွေ ၉၆ သန်း (အမေရိကန်ဒေါ်လာ ၁၄ သန်း) အထိ ရရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇူလိုင် ၁၉ ရက်တွင် ဘရာဇီး နည်းပြအဖြစ်မှ နုတ်ထွက်လိုက်ပြီဖြစ်သော ပရဲယား။ *(ဓာတ်ပုံ-အင်တာနက်)*

ဇီဒန်းနှင့် မာတာရာဇီအား ပွဲပယ်ရန် ဖီဖာဆုံးဖြတ်

ဇူးရစ် ဇူလိုင် ၂၀

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားစဉ်အတွင်း အီတလီနောက်တန်းလူ မာကိုမာတာရာဇီအား ဦးခေါင်းဖြင့် တိုက်သည့် ကြမ်းတမ်းသော အပြုအမူအတွက် ပြင်သစ်ဘောလုံးသမား ဇီနက်ဒင်းဇီဒန်းအား ပွဲသုံးပွဲ ပိတ်ပင်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ကြာသပတေးနေ့တွင် ဆုံးဖြတ်လိုက်သည်။

ဇီဒန်းနည်းတူ မာတာရာဇီမှာလည်း နှစ်ပွဲကစားခွင့် ပိတ်ပင်ခံရသည်။

ပြင်သစ် လက်ရွေးစင်အသင်း၏ အသင်းခေါင်းဆောင်ဟောင်း ဇီဒန်း၏ ကြမ်းတမ်းသော အပြုအမူနှင့် ပတ်သက်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ကြားနာစစ်ဆေးခဲ့ပြီးနောက် ဇီဒန်း အား အမေရိကန်ဒေါ်လာ ၆၀၀၀၊ မာတာရာဇီအား အမေရိကန်ဒေါ်လာ ၄၀၀၀ ဒဏ်ငွေပေးဆောင်ရန်လည်း ချမှတ်လိုက်သည်။

မာတာရာဇီက ဇီဒန်းအား ဝေဖန်ပြောကြားခဲ့မှုသည် အသရေဖျက်ရာရောက်စေသည်ဟု ၎င်းတို့နှစ်ဦးစလုံးက အလေးအနက် ဖွင့်ဟဝန်ခံခဲ့ကြောင်း၊ သို့ရာတွင် လူမျိုးရေးခွဲခြားမှု သဘောသဘာဝကို မတွေ့ရကြောင်း ဖီဖာ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ဇူလိုင် ၂၀ ရက်က ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့ရှိ ဖီဖာ ဌာနချုပ်တွင် စည်းကမ်းထိမ်းသိန်းရေးကော်မတီ၏ ကြားနာစစ်ဆေးမှုသို့ လာရောက်ထွက်ဆိုသည့် ဇီဒန်း၏ မော်တော်ယာဉ်ကို သတင်းထောက်များ ဝိုင်းရံနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အရှေ့ဖျားဒေသတွင် အားပေးထောက်ခံမှုရရှိရေး ဥရောပချန်ပီယံ ဘာစီလိုနာအသင်းကြိုးပမ်း

မဒရစ် ဇူလိုင် ၂၀

စပိန်နှင့် ဥရောပချန်ပီယံဘောလုံးအသင်းဖြစ်သည့် ဘာစီလိုနာအသင်းသည် အရှေ့ဖျားဒေသရှိ ဘောလုံးပရိသတ်၏ အားပေးထောက်ခံမှု တိုးတက်ရရှိစေရန် ရည်ရွယ်လျက် ဂျပန်နိုင်ငံရှိ ရာကူတန် မီဒီယာအုပ်စုနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဇူလိုင် ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရာကူတန် မီဒီယာအုပ်စုသည် ဘာစီလိုနာအသင်းအတွက် အင်တာနက် အကြွေးဝယ်ခွင့်ကတ်ပြား (ခရက်ဒစ်ကတ်)၊ အင်တာနက် ဝက်ဘ်ပေ့ဂျ်နှင့် ဂျပန်ဘာသာစကားဖြင့် ထုတ်ဝေမည့်မဂ္ဂဇင်းတို့မှတစ်ဆင့် ဂျပန်ပြည်သူများ၏ အားပေးထောက်ခံမှု တိုးတက်ရရှိလာစေရန် ဆောင်ရွက်မည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပြီးခဲ့သည့် ကြာသပတေးနေ့ကလည်း မီဒီယာကုမ္ပဏီသုံးခုနှင့် သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့သည်။ ယင်း သဘောတူညီချက်များအရ တရုတ်နိုင်ငံတွင် ဘာစီလိုနာအသင်း၏ ဂုဏ်သတင်းကို မြှင့်တင်နိုင်စေရန် မီဒီယာများမှတစ်ဆင့် လုပ်ဆောင် သွားမည်ဖြစ်သည်။ ဘာစီလိုနာအသင်းသည် ကော်ငြာဖြင့် စည်းရုံးလှုံ့ဆော်နိုင်ရန် စင်ကာပူနိုင်ငံရှိ တိုက်ဂါးဘီယာကုမ္ပဏီနှင့်လည်း သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကလွိုင်းဗတ်၏ ကစားဟန်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျာမန် ဟမ်းဘတ်ဂ်အသင်း ကလွိုင်းဗတ်အားခေါ်ယူရန်ကြိုးပမ်း

ဟမ်းဘတ် ဇူလိုင် ၂၀

ဂျာမနီနိုင်ငံရှိ ဟမ်းဘတ်စ်တွန်ဘောလုံးအသင်းသည် တိုက်စစ်မှူးမီလန်ဘာရိုးစ်အား ခေါ်ယူရေးနှင့်ပတ်သက်၍ အက်စ်တွန်ဗီလာအသင်းနှင့် သဘောတူညီချက်မရရှိသည့်အဆုံး ဒတ်ချ်လူမျိုး နိုင်ငံတကာ ဘောလုံးသမားဟောင်း ပတ်ထရစ်ကလွိုင်းဗတ်အား ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဇူလိုင် ၂၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဗလင်စီယာအသင်း၏ နာမည်ကျော်ဘောလုံးသမား ကလွိုင်းဗတ်သည်လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း အသင်းအတော်များများ၌ ပါဝင်ကစားခဲ့သည်။ ၎င်းသည် စပိန် ဘာစီလိုနာအသင်း၊ အင်္ဂလန် နယူးကာဆယ်အသင်းနှင့် စပိန် ဗလင်စီယာအသင်းတို့တွင် ပါဝင်ကစားခဲ့သည်။ ***အင်တာနက်။***



ကြမ်းကြမ်းတမ်းတမ်း ပြုမူမှု အတွက် ပွဲကစားမှု သုံးရက်ပိတ်ပင် ခံရသူ ရုရှားနပန်းသမား ရိုဟို။ *(ဓာတ်ပုံ-အင်တာနက်)*

ဆူမိုနပန်းသမားက သတင်းထောက်ကို ပါးရိုက်

တိုကျို ဇူလိုင် ၂၀

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပမည့် နိုင်ငံတကာ ဆူမိုနပန်းသတ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သည့် ရုရှားလူမျိုး ဆူမိုနပန်းသမားတစ်ဦးသည် ဂျပန်လူမျိုး ဆူမိုနပန်းသမားကို ရှုံးနိမ့်ခဲ့ပြီးနောက် ဒေါသပေါက်ကွဲကာ ကြမ်းကြမ်းတမ်းတမ်း ပြုမူဆောင်ရွက်သဖြင့် ၎င်းအား ဂျပန်နပန်းပွဲ အာဏာပိုင်များက တနင်္ဂနွေနေ့မှစ၍ အင်္ဂါနေ့အထိ ပွဲကစားမှု သုံးရက်ပိတ်ပင်လိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

အရပ် ၁ဒသမ ၉၅ မီတာရှိ ရုရှားလူမျိုး နပန်းသမား ရိုဟိုသည် ပြိုင်ပွဲတွင် ရှုံးနိမ့်ခဲ့ပြီးနောက် ၎င်း၏ ပြိုင်ဘက် ဂျပန်လူမျိုး နပန်းသမား ချီယိုတယ်ကိုင်း ထိခိုက်အနာတရဖြစ်စေရန် ရေချိုးခန်းမှန်တံခါးကို လက်သီးဖြင့် ထိုးကြိတ်ခဲ့သည်။ ဆူမိုပြိုင်ပွဲ တာဝန်ရှိသူများ၏ ပြင်းထန်စွာ သတိပေးမှုကိုခံရသူ ရိုဟိုသည် ၎င်း၏ ဒေါသကို မထိန်းနိုင်ဘဲ သတင်းထောက်နှစ်ဦးကို ပါးရိုက်ခဲ့ရာ သတင်းထောက်တစ်ဦးမှာ ဆေးရုံတွင် ကုသမှုခံယူလိုက်ရသည်ဟု၏။ ***အမ်အင်အေ၊ရိုက်တာ။***

မွန်ပြည်နယ်မှ သက်ကြီးရွယ်အိုများအား မျက်စိခွဲစိတ်ကုသပေး

ရန်ကုန် ဇူလိုင် ၂၀

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ မျက်စိဝေဒနာရှင် သက်ကြီးရွယ်အို ၁၀၀ ကျော်တို့အား မော်လမြိုင်မြို့ရှိ ပြည်နယ် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီး၌ ဇူလိုင် ၁၇ရက်မှ စတင်၍ မျက်စိခွဲစိတ်ကုသပေးလျက်ရှိရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ဇူလိုင် ၁၉ ရက်တွင် သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးနှင့် အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီး ဒေါက်တာကျော်သူ၊ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမြင့်မြင့်သူနှင့် အထူးကုဆရာဝန်များ၊ သူနာပြုများက သက်ကြီးရွယ်အိုများအား မျက်စိခွဲစိတ်ကုသ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လည်းကောင်း၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က မျက်စိဝေဒနာရှင်များအတွက် ကုန်ကျစရိတ်နှင့် မျက်ကပ်မှန်များ လှူဒါန်းမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

အဆိုပါ မျက်စိဝေဒနာရှင်များအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေမာလာရိပ်မွန်နေ ဦးမြင့်စိုး-ဒေါ်မြမြစိုး၊ သမီး မရတနာစိုးနှင့် သားသမီးမြေးတစ်စုက အလှူငွေကျပ် ၁၀သိန်းကို ပေးအပ်လှူဒါန်းရာ မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ခရီးသွားဆိုင်ရာ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် ASEAN-Japan Centre တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် “Tourism Trainning Program for Front-Liners” သင်တန်းဆင်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ဒူးဆစ်အင်းလျားကန်ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ASEAN-Japan Centre မှ Asst, Director Mr. Joukei-Fuchigami တို့က သင်တန်းဆင်း အမှာစကား ပြောကြားကြသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များချီးမြှင့်သည်။ အဆိုပါ ခရီးသွားဆိုင်ရာသင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်းနေ ကွယ်လွန်သူ ဦးဟန်ထွန်းအား ရည်စူး၍ ဒေါ်ကျင်ရွှေ မိသားစုက ငွေကျပ် ၃၀၀၀၀၀ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သြစတြေးလျနိုင်ငံနေ ဒေါက်တာသိန်းဝင်း-ဒေါ်မြင့်မြင့်စန်း၊ သား ရဲမင်းသိန်း၊ သမီး သိန်းသိန်းအေးမိသားစုက ဗဟန်းမြို့နယ် ဓိဝတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)



ဆုချီးမြှင့်

အင်းစိန် အလက(၁)မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက်က ကျောင်းခန်းမ၌ကျင်းပရာ တာဝန်ခံဆရာ ဦးစောဂေးထူးက သင်ကြားမှုထူးချွန်ဆုရ ဆရာမ ဒေါ်မိမိရီ (အလယ်တန်းပြ)အား ဆုချီးမြှင့်စဉ်။ (၆၁)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်အင်္ဂါချို့ယွင်း/မသန်စွမ်းသော ကလေးငယ်များ၊ ချို့တဲ့သော ကျောင်းသားများအား ထောက်ပံ့ခြင်းနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို အထက(၁)ပင်လုံခန်းမတွင် ဇူလိုင်၁၇ရက်က ပြုလုပ်ရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နွယ်နွယ်အေးက ဒသမတန်းကျောင်းသားမောင်ကျော်စိုးမိုးအား ထောက်ပံ့ငွေပေးအပ်စဉ်။ (၀၈)

ပဲခူးတိုင်း ထန်းတပင်မြို့နယ်အတွင်း အကြမ်းဖက်အဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၀

အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများသည်နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ဒဏ်ရာရ၊ အထိတ်တလန့် ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ရက် မွန်းလွဲ ၁နာရီခန့်တွင် ပဲခူးတိုင်း ထန်းတပင် မြို့နယ် ကျောက်ကြီးပေါက် ကျေးရွာမှ အဖဦးကျင်၏ သား ကိုကျော်မြင့် အသက် (၃၅)နှစ်သည် ရွာအနီး တောတွင်းသို့ မျှစ်ချိုးရန် သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲပြီး ဘယ်ဘက်ခြေထောက်ဒူးအောက်မှ ပြတ် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရရှိသည့် ကိုကျော်မြင့်အား သက်ဆိုင်ရာ တာဝန်ရှိသူများက ဇရပ်ကြီး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်သောင်းကျန်းသူ အဖျက်သမားများအားတာဝန်ရှိသူ များနှင့် ဒေသခံပြည်သူ များ ပူးပေါင်း၍ သတင်းဖော်ထုတ် ရှင်းလင်းလျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း စဉ်ဆက်မပြတ်ပညာရေးဟောပြောမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်း(ဗဟို)မှ ကြီးမှူး၍ ရန်ကုန်တိုင်းအသင်းခွဲ၏ စဉ်ဆက်မပြတ်ပညာရေးအစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ အကြံပေးပညာရှင် မေးရိုးနှင့် မျက်နှာအစားထိုး ခွဲစိတ်ပါရဂူ ပါမောက္ခဦးသက်ထားဝေက {Management of Oral Ulcerations &Common Pre-Cancerous Lesions of Oral Cavity}ခေါင်းစဉ်ဖြင့် ဇူလိုင်၂၃ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဟောပြောပို့ချမည်ဖြစ်သည်။ယင်းအခမ်းအနားကို 3QDental International Ltd နှင့် Pfizer (Ponstin)တို့က ပံ့ပိုးကူညီကြမည်ဖြစ်ပြီး ဟောပြောပို့ချပွဲသို့ အသင်းဝင် သွားနှင့်ခံတွင်း ဆရာဝန်များ၊စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ရွှေရတုပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ် ၅၀ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားများကို ဩဂုတ် ၁၈ရက်တွင် ရန်ကုန်မြို့၌ ဖျာပုံနွယ်ဖွား ကျောင်းထိုင်ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဩဂုတ် ၂၀ရက်၌ ကျောက်တံတားမြို့နယ် အာရှပလာဇာဟိုတယ်၌ အသက်(၇၅)နှစ်ပြည့်ပြီးအသင်းဝင်ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဖျာပုံရာမဇာတ်အဖွဲ့၏ ဇာတ်ဝင်ခန်းများဖြင့် ဖျော်ဖြေခြင်း၊ မိသားစုဝင်များ၏ ညှော်ခံဖျော်ဖြေမှုတို့ဖြင့် ညှော်ခံခြင်း၊ ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း သော့ချိတ်၊ ရင်ထိုးများ ထုတ်ဝေခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ရွှေရတုပွဲ ဖြစ်မြောက်ရေး တို့အတွက် ဗိုလ်မှူးကြီးစိန်သန်း (ငြိမ်း) ဖုန်း-၃၉၅၀၉၀၊ ဦးသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဒေါ်မေမေလွင် ဖုန်း-၀၉၅၁၅၃၄၁၄၊ ဖျာပုံမြို့နယ်အသင်းတိုက် ဖုန်း-၃၉၂၁၇၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၄)ရပ်ကွက်၊ (၁၀)လမ်း၊ အိမ်အမှတ်(၄၉)တွင် တည်ရှိသော မြေတိုင်းရပ်ကွက်အမှတ်(၂၂ Y -၂)၊ မြေကွက်အမှတ်(V- ၁၁၅)၊ ဧရိယာ(၀.၀၃၀)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်၊ ထားဝယ်စု၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၁၃၃)ဟုခေါ်တွင်သော (၄)ထပ်တိုက် အဆောက်အအုံတည်ရှိရာ ဦးပိုင်အမှတ်(၁၀၉)၊ ကွင်းအမှတ်(၁၁/၂၈)၊ မြေကွက်ဧရိယာ(၀.၀၃၁)ဧကရှိ ဒေါ်လွှမ်းဟုန်အမည်ပေါက် မြေကွက်တစ်ကွက်၊ တနင်္သာရီတိုင်း၊ မြိတ်မြို့၊ ထားဝယ်စုရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၅၂)ဟုခေါ်တွင်သော (၃)ထပ်တိုက်အဆောက်အအုံတည်ရှိရာ (၀.၇)ဧက အကျယ်ရှိ ဦးစိန်ချည်၊ဒေါ်လွှမ်းဟုန် အမည်ပေါက် မြေကွက်တစ်ကွက်နှင့် နေအိမ်၌ တပ်ဆင်ထားသော တယ်လီဖုန်းအမှတ် ၀၅၉ ၄၁၄၀၂ တို့သည် ဖခင် ဦးစိန်ချီ(ခ)ဦးစိန်ချည် (ကွယ်လွန်)နှင့် မိခင် ဒေါ်လွှမ်ဟုန်(ခ) ဒေါ်လွှမ်းဟုန်ပိုင် အိမ်မြေများဖြစ်ကြပါသည်။ ဒေါ်လွှမ်းဟုန်မှာ သက်ရှိထင်ရှားရှိပြီး (၁) ဦးစိုးရှိန်၊ (၂) ဒေါ်နုနုရီ၊ (၃)ဒေါ်လုရီ၊ (၄)ဦးသန်းရှိန်၊ (၅)ဒေါ်အေးရီ၊ (၆) ဦးငွေရှိန်ဟု သားရင်းသမီးရင်း (၆)ဦး ရှိပါသည်။ အထက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် တယ်လီဖုန်းများမှာ မိခင် ဒေါ်လွှမ်ဟုန်(ခ)ဒေါ်လွှမ်းဟုန်နှင့် သားသမီး(၆)ဦးပိုင် အမွေဆိုင်ပစ္စည်းများဖြစ်ပါ၍ တစ်ဦးတစ်ယောက်၏အမည်သို့ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ စွန့်လွှတ်ပေးကမ်းခြင်း မပြုလုပ်ကြရန် တားမြစ်သတိပေးကြေညာအပ်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း ထပ်ဆင့်ကြေညာအပ်ပါသည်။

ဒေါ်နုနုရီ[၁၂/လမတ(နိုင်)၀၂၃၅၃၂]၊ ဒေါ်လုရီ [၁၂/လမတ(နိုင်)၀၂၃၅၃၅]၊ ဒေါ်အေးရီ[၆/မအရ(နိုင်)၀၂၇၅၇၁] အမှတ်(၄၉)၊ (၁၀)လမ်း၊ (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ရွှေဘုံသာလမ်းနေ မအေးမဉ္ဇူ(၁၉)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် အလှူငွေကျပ် တစ်သိန်းကိုးသောင်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း(၁၆/၂)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်ဒေဝီခင် လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လဲချားမြို့နယ် ကောက်စိုက်ပြိုင်ပွဲ ကြည့်ရှုအားပေး ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်အညီ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရန် မှာကြား

နေပြည်တော် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် လဲချားမြို့ မြို့မအုပ်စု ရပ်ကွက်(၁)ရှိ စပါးစိုက်ကွက်၌ကျင်းပသော လဲချားမြို့နယ် ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ ကောက်စိုက်ပြိုင်ပွဲ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် ကောက်စိုက်ပြိုင်ပွဲဝင် အသင်းခုနစ်သင်းတို့မှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးကျော်သန်းက ကောက်စိုက်ပြိုင်ပွဲ စည်းကမ်းချက်များနှင့် ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ကောက်စိုက်ပြိုင်ပွဲကို စတင်ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ကောက်စိုက်အသင်းများ ကောက်စိုက်ပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် ဆုပေးပွဲကိုကျင်းပရာ လဲချားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထင်ကျော်နှင့် လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းတင့်တို့က နှစ်သိမ့်ဆုရရှိကြသည့် ကောက်စိုက်အသင်းများဖြစ်ကြသော ရပ်ကွက်(၄) အသင်း၊ ဟိုနောင်လုံအသင်း၊ ဟိုဖိုင်အသင်းနှင့် နောင်ပန်အသင်းတို့အား လည်းကောင်း၊ ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သန်းက တတိယဆုရ နောင်မိန်းကောက်စိုက်အသင်းအား လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ဒုတိယဆုရ ရပ်ကွက်(၁) ကောက်စိုက်အသင်းအားလည်းကောင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ပထမဆုရ ဟိုနောင်အွမ် ကောက်စိုက်အသင်းအားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြပြီး ကောက်စိုက်ပြိုင်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ကောက်စိုက်ပြိုင်ပွဲဝင်အသင်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ပြည်နယ်အတွင်း အထူးအထွက်တိုး စပါးများကို စိုက်ပျိုးလျက်ရှိရာ တစ်ဧက တင်း ၂၅၀ ကျော်ထွက်ရှိသည့်အထိ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခေတ်မီစိုက်ပျိုးနည်းစနစ်များနှင့်အညီ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ကာ ပိုမိုတိုးတက်ထွက်ရှိအောင် ကြိုးစားစိုက်ပျိုးကြရန် မှာကြားသည်။

လွိုင်လင်ခရိုင် လဲချားမြို့နယ်၌ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စပါး ၃၆၈၂၀ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါး ဧက ၃၇၉၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအထိ ဧက ၂၄၈၈၀ စိုက်ပျိုးပြီးစီးပြီးဖြစ်ကြောင်း သိရှိသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လဲချားမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် အခြေခံကျသဖြင့် စက်မှုဇုန်များအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားစေရေး အထောက်အကူပြုစက်နှင့် စက်ကိရိယာပစ္စည်းများ ဦးစားပေး ထုတ်လုပ် သွားကြရမည်ဖြစ်သည်။

(ခေါင်းကြီး) စာမျက်နှာ-၂

☆ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကို မကြိုးစဖူး ခိုင်ခိုင်မာမာ တည်ဆောက်နေသကဲ့သို့ စိတ်ပိုင်းဆိုင်ရာဖြစ်သော စာပေ၊ ယဉ်ကျေးမှု စသည့်ကိစ္စများ ကိုလည်း တည်တံ့ဖွံ့ဖြိုးအောင် အားပေးတည်ဆောက်ပေးလျက်ရှိပါသည်။

အောင်ချိုအေး၏ **"မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယအကြိမ်ညီလာခံ"**

(ဆောင်းပါး) စာမျက်နှာ-၃

မြစ်ရေကြီးခြင်း သတိပေးချက်

ရန်ကုန် ဇူလိုင် ၂၀

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီ အချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၆၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၉၁၀ သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆း၃၀ နာရီအချိန် တိုင်းထွာချက်အရ တောင်ငူမြို့၌ ၅၄၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ယဉ်ကျေးမှုအင်တာနက်သတင်း

တရုတ်ဘာသာစကား လေ့လာလိုသူများအတွက် အင်တာနက် ဝက်ဘ်ဆိုက် ဖွင့်လှစ်

ရှန်ဟိုင်း ဇူလိုင် ၂၀

ကမ္ဘာ့နိုင်ငံများတွင် တရုတ်ဘာသာစကား လေ့လာမှုနှင့် သုံးစွဲမှု မြှင့်တင်နိုင်စေရန် ရည်ရွယ်လျက် အင်တာနက် ဝက်ဘ်ဆိုက်တစ်ခုကို တရုတ်နိုင်ငံက ဖွင့်လှစ်လိုက်ကြောင်း ဇူလိုင် ၂၀ ရက် အင်တာနက် သတင်းတွင် ဖော်ပြထားသည်။

ယခုဖွင့်လှစ်လိုက်သော အင်တာနက်ဝက်ဘ်ဆိုက်သည် ကမ္ဘာတစ်ဝန်းတွင် တရုတ်ဘာသာစကား လေ့လာနေသူများအတွက် လေ့ကျင့်ခန်းများကို အခမဲ့ ပံ့ပိုးပေးမည်ဖြစ်သည်။

အဆိုပါအင်တာနက် ဝက်ဘ်ဆိုက်တွင် မန်ဒရင်း တရုတ်ဘာသာစကား လေ့လာသူများ အထောက်အကူရစေရန် အရုပ်နှင့် အသံတို့ကို အသုံးပြုသည့် ပို့ချချက်များ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ●

တရုတ်နိုင်ငံ မြို့တော်ပေကျင်းရှိ နိုင်ငံခြားဘာသာ တက္ကသိုလ်တွင် တရုတ်ဘာသာစကား သင်ယူနေသော နိုင်ငံခြားသားများကို ဇူလိုင် ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)